# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း (၈)ရက် ၊ သောကြာနေ့ ၊ (24-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အရေးပေါ်အခြေအနေကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁/၂၀၂၆

၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်)

### အရေးပေါ်အခြေအနေကြေညာခြင်း

၁။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂ (က)အရ အရေးပေါ်အခြေအနေကြေညာလိုက်သည်-

(က) ကချင်ပြည်နယ်

(၁) ဆွမ်ပရာဘွမ်မြို့နယ်၊

(၂) ရွှေကူမြို့နယ်၊

(၃) အင်ဂျန်းယန်မြို့နယ်၊

(၄) ဆော့လော်မြို့နယ်၊

(၅) ချီဖွေမြို့နယ်။

(ခ) ကယားပြည်နယ်

(၁) ရှားတောမြို့နယ်၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☞

## စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၂/၂၀၂၆

၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်)

### စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် (၁/၂၀၂၆) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂ / ၂၀၂၆ ထုတ်ပြန် — စာမျက်နှာ - ၂၀

စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃ / ၂၀၂၆ ထုတ်ပြန် — စာမျက်နှာ - ၂၀

တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက် — စာမျက်နှာ - ၁၈


## ထူးခြားသည့် နေ့အပူချိန်များ (၂၃-၄-၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၄၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | နေပြည်တော် | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၄၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |



**ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့အဆင့် (၅၅)နေရာ၌ ရပ်တည်**

စာမျက်နှာ - ၉

**စာမဖတ်သူပပျောက်ရေးနှင့် အားကျအတုယူဖွယ် ခေတ်မီတက်ကျမ်းများ** ဆောင်းပါး

စာမျက်နှာ - ၄




ရတနာပုံ

၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက်

အယ်ဒီတာ့အာဘော်

# တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့သည့် သားကောင်းရတနာတို့၏အိမ်ပြန်ခရီး

"နိုင်ငံတစ်နိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ၂၀၂၄ ခုနှစ် ဧပြီလမှစတင်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁) ကို စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၃) ထိပင်ရောက်ရှိခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၁)ထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါသင်တန်းများမှ မွေးထုတ်ပေးခဲ့သည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တပ်ရင်း၊ တပ်ဖွဲ့အသီးသီး၌ ထမ်းဆောင်နေကြပြီဖြစ်သည်။

ထိုသို့တပ်ရင်း၊ တပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁/၂၀၂၄) မှ ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ရွက်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးအပ်ခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာတာဝန်များကို ကျေပွန်စွာထမ်းဆောင်လာခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးတွင်လည်း ၎င်းတို့၏အောင်မြင်စွာနှင့် ကျေပွန်စွာတာဝန်ထမ်းဆောင်ခဲ့မှုအပေါ် မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာဂုဏ်ယူမဆုံးဖြင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုပန်းခြင်းများ၊ အောင်သပြေပန်းခက်များ၊ အိုးစည်ဗုံပတ်များဖြင့် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ကို တွေ့ရပေသည်။

ယခုကဲ့သို့ တာဝန်ပြီးမြောက်၍ မိသားစုများထံသို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် တပ်မတော်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ နိုင်ငံတော်ကပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ်မိသားစုနှင့်ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာကြိုဆိုခဲ့ခြင်းအပေါ် ကြည်နူးဂုဏ်ယူမှုတို့ကို တွေ့မြင်ရသည်မှာလည်း ဝမ်းသာပီတိဖြစ်ရပေသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ကာကွယ်ရေးအင်အားတောင့်တင်းစေရန်အတွက် နိုင်ငံ့သားကောင်းပီသစွာဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် တက်ကြွစွာပါဝင်လျက်ရှိသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများထဲတွင် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်သည်အထိ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးကို မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်ကို တွေ့မြင်ရသည်မှာ ဝမ်းသာကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခုပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ကုလားပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၄၂၁၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၈ ဒသမ ၅၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ကုလားပဲ ၁၄၂၁၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် တောင်ဘလူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘလူကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ဘလူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သူသူ

# ကျုံပျော်မြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ



**ကျုံပျော် ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မတ်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ မြေပဲဆန်များ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှုကောင်းလာသည့်အတွက် ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပဲဈေးကွက်ထဲကို ဒေသမြေပဲဆန်တွေအပြင် အခြားဒေသက မြေပဲဆန်အသစ်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၁၇၇၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှု အားကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက်ပိုကောင်းလာဖို့ရှိပါတယ်။ မြေပဲဆန်တွေ အဝယ်လိုက်နေတော့ တောင်သူတွေ၊ လုပ်သားတွေ၊ ကုန်သည်တွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်၊ မြေပဲအခွံပါစသည်ဖြင့် ပုံစံအမျိုးမျိုးထုတ်လုပ်ပြီး စနစ်တကျသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နောင်မွန်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် ဧပြီ ၂၃**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဂါတ်ထုကျေးရွာနှင့် ချန်မယကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၇ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူရှစ်ဦးကို ငွေကျပ်သုံးသန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ်ရှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ပျော်ဘွယ်မြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ပျော်ဘွယ် ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ သာစည်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦးကို ရန်ပုံငွေကျပ် ၅၁၅ ဒသမ ၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မော်လိုက် ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၂၃၉၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။

"မော်လိုက်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားတော်ပဲ ၂၃၉၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် အထွက်နှုန်း ကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် ဝမ်ကုန်းကျောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဧပြီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ဝမ်ကုန်းကျောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဝမ်ကုန်းကျောင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ကွမ်းသီးခြောက် ပိဿာချိန် ၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မတ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့မတ်လအတွင်းက ကွမ်းသီးခြောက်ပိဿာချိန် ၉၉၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဘိုကလေးမြို့နယ်ကထွက်ရှိတဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်''ဟု ဘိုကလေးမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးစိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စာမဖတ်သူပပျောက်ရေးနှင့် အားကျအတုယူဖွယ် ခေတ်မီတက်ကျမ်းများ

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ စာမတတ်လို့၊ စာကိုသင်၊ စာကိုမြင်မှ၊ မိုက်မှန်းသိ ဆိုတဲ့စကားဟာ တော်တော်မှန်နေတာပဲကွာ"

"နေစမ်းပါအုံး... မင်းက ဘာကို ညွှန်းဆိုပြောချင်တာလဲ"

"မင်း စဉ်းစားကြည့်လေ၊ ခေတ်ပညာတတ် တချို့လူငယ်လေးတွေ မူးယစ်ဆေးစွဲနေကြတာတွေ၊ သောက်စားမူးယစ်ယမ်းကားနေကြတာတွေ၊ မင်းတို့စာပေအနုပညာရှင်နယ်ပယ်ထဲမှာလဲ တချို့က သူများတွေကိုသာ ပညာပေးနေကြတယ်။ ကိုယ်တိုင်ကတော့ အပြောတစ်မျိုး အလုပ်တခြားနဲ့ အကျင့်စာရိတ္တခြစားနေကြတယ် မဟုတ်လား၊ ဘုန်းကြီးတစ္ဆေ ပရိတ်ရေမကြောက်၊ ကျွဲပါးစောင်းတီး၊ အချည်းနှီး ဆိုသူမျိုးတွေပေါ့ကွာ"

"မင်းက ခုမှလာပြီး ဒါမျိုးတွေကို အဆန်းလုပ်နေလို့ကွာ။ ဟိုး ရှေးခေတ်ပဝေသဏီကတည်းက လူကောင်းနဲ့ လူမိုက်၊ လူရိုးနဲ့လူဆိုးဆိုတာ ရှိနေခဲ့တာပဲ"

"ငါက ငါ့ရှေ့မှာ အရွယ်မတိုင်မီ ကြွေလွင့်သွားကြရတဲ့ လူငယ်လူရွယ်လေးတွေကိုကြည့်ပြီး စာနာစိတ်နဲ့ ရင်နာလွန်းလို့ ကရုဏာဒေါသောနဲ့ ပြောနေရတာပါကွာ၊ မင်းပဲ မကြာခဏရေးသားဟောပြောနေခဲ့တယ် မဟုတ်လား၊ အရက်သောက်လွန်းလို့ အိုတဲ့အရွယ်ထိ မနေကြရဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားကြရသူတွေအတွက် အရက်ဟာ မအိုဆေး၊ ဆိုင်ကယ်တွေကို မူးယစ်သောက်စားရမ်းကားပြီး အဆင်အခြင်မဲ့စီးနေကြသူတွေ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းကို နားမလည်ကြဘဲ ဟန်ရေးပြ၊ သွေးကြွပြီးထင်ရာ စိုင်းစီးနင်းနေကြသူတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ နေ့မြင်ညပျောက်၊ ညမြင်နေ့ပျောက် သေဆုံးသွားကြရသူတွေအတွက် ဆိုင်ကယ်ဟာ မအိုယာဉ်လို့ မင်း တင်စားညွှန်းဆိုထားတာလေကွာ"

"မင်းတို့စာပေ အနုပညာနယ်ပယ်ထဲမှာပဲကြည့်ပါအုံး၊ နှမြောစရာကောင်းတဲ့ စာပေပညာရှင်တချို့၊ ရုပ်ရှင်အနုပညာရှင်တချို့၊ ဂီတပညာရှင်တချို့ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားကြရတယ်။ ဘာကြောင့်လဲ၊ ဒါတွေကို မင်းသိပါတယ်ကွာ၊ စာတတ်ပေတတ်သမားတွေဖြစ်ကြပေမဲ့ စွဲလမ်းမှုတဏှာကြောင့် သေမင်းက အနိုင်ယူသွားတာကွ"

"အေးပါကွာ အလိမ္မာ စာမှာရှိဆိုတဲ့ စကားအတိုင်း စာပေမျိုးစုံကို ဖတ်ရှုမှတ်သားပြီး ကြိုးစားပြုပြင်ကြမယ်ဆိုရင် ဘဝရဲ့တိုးတက်ကြီးပွားရာကြီးပွားကြောင်းတွေကို တတ်သိလိမ္မာ၊ ကျွမ်းကျင်လာမယ်လို့ အဆိုရှိပေမဲ့ မင်းပြောတဲ့လူတွေကတော့ အလိမ္မာဟာ သူတို့မှာမရှိဘဲ စာအုပ်စာပေထဲမှာပဲရှိနေတယ်လို့ ခံယူထားကြတဲ့ လူပြိန်းတွေပဲကွ။ အလိမ္မာဟာ သူတို့မှာမရှိဘဲ စာမှာပဲရှိနေကြလို့ အရွယ်မတိုင်ခင်မှာပဲ မေ့မိန်ပျောက်ကွယ် သေဆုံးလွယ်နေကြတာပေါ့ကွာ"

"စာမဖတ်သူဟာ မျက်မမြင်နဲ့တူတယ်။ စာဖတ်တတ်ပါလျက်နဲ့ စာမဖတ်သူဟာ အသွားရှိပါလျက်နဲ့ မခုတ်ဘဲထားတဲ့ဓားနဲ့တူတယ်။ စာဖတ်ကြပေမဲ့ မှတ်သားနာယူခြင်းမရှိသူဟာ ရေပြင်မှာရေးတဲ့ အရုပ်နဲ့တူတယ်။ စာဖတ်ပြီး မှတ်သားပေမဲ့ ကျိုးကြောင်းမှန်မှား မစဉ်းစားသူဟာ အစာအာဟာရကို ညက်ညက်ဝါးမစားဘဲ မျိုချနေသူနဲ့တူတယ်။ ကျိုးကြောင်းမှန်မှား စဉ်းစားပြီး အမှန်ကိုသိနေပါလျက် နဲ့ လက်ခံကျင့်သုံးခြင်းမရှိသူဟာ ဟင်းလျာရဲ့ အရသာကို မြည်းစမ်းကြည့်ပြီး ကောင်းမှန်းသိပါလျက်နဲ့ မစားသုံးသူနဲ့တူတယ်လို့ ဗုဒ္ဓလောက စာစောင်ထဲမှာ ဖော်ပြထားတယ်ကွ"

"စာပေရဲ့ကျေးဇူးကြောင့် တိုးတက်ကြီးပွားခဲ့ကြတဲ့ ကမ္ဘာကျော်သူဌေးကြီးတွေရှိခဲ့ကြသလို မြန်မာသူဌေးကြီးတွေလဲ ရှိခဲ့တယ်ကွ။ ဒေါက်တာဆင်မြူရယ်စမိုင်းရဲ့ ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး စာအုပ်ကို လော့လီးဗားဟမ်းက ဖတ်ရှုမှတ်သားကြိုးစားလိုက်တာ ကမ္ဘာကျော်ဆပ်ပြာသူဌေးကြီး လော့လီးဗားဟမ်းရယ်လို့ နာမည်တွင်သွားခဲ့တယ်။ ခြောက်ကုဋေရှစ်သန်းတန် လီဗားဆပ်ပြာကုမ္ပဏီကို ပိုင်ဆိုင်လိုက်လို့ အဲဒီစာအုပ်ကို ခြောက်ကုဋေတန်တယ်လို့ တန်ဖိုးထားဂုဏ်ပြုခဲ့တယ်"

"အဲဒီလိုပဲ ကမ္ဘာကျော် သံမဏိသူဌေးကြီး အင်ဒရူးကာနယ်ဂျီဟာ စာအုပ်စာပေရဲ့ကျေးဇူးကြောင့် သူ့ဘဝကြီးပွားမြင့်မားလာလို့ သူ့စည်းစိမ်တစ်ဝက်ကို စာကြည့်တိုက်ပေါင်း ၁၆၀၀ ကျော် တည်ထောင်လှူဒါန်း ကျေးဇူးတုံ့ပြန်ဂုဏ်ပြုခဲ့တယ်။ ကမ္ဘာကျော် မော်တော်ကားသူဌေးကြီး ဟင်နရီဖို့ဒ်ဟာ နာရီစက်တွေ တီထွင်လုပ်ကိုင်ဖို့ကြံစည်နေတုန်းမှာ ပြင်သစ်လူမျိုး ဆောင်းပါးရှင်တစ်ဦးရေးသားထားတဲ့ မြင်းမဲ့ရထားအကြောင်း ဆောင်းပါးကိုဖတ်ရှုမိပြီး မော်တော်ကားဘက် စိတ်ပြောင်းသွားတယ်။ မော်တော်ကားထုတ်လုပ်ဖို့ ကြိုးစားလိုက်တာ ကမ္ဘာကျော် မော်တော်ကားသူဌေးကြီး ဖြစ်သွားခဲ့တယ်"

❖ "သတင်းစာဆရာကြီး လူထုဦးလှက စာမဖတ်သူသည် တိုးတက်မှုရပ်တန့်နေ၏။ စာဖတ်သူသည် တိုးတက်မြဲတိုးတက်နေ၏ လို့ သတိပေးခဲ့တယ်ကွ။ စာရေးဆရာကြီးပီမိုးနင်းကလဲ လူကိုစိတ်က အုပ်ချုပ်၏။ စိတ်ကိုဉာဏ်ပညာကအုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့လို့ လမ်းညွှန်ခဲ့တယ်ကွ။ ဒါကြောင့် စာမဖတ်သူ ပပျောက်ရေးလှုပ်ရှားမှုတွေကို ဆောင်ရွက်နေကြတာကွ" ❖

"အဲဒါတွေက ကမ္ဘာ့နိုင်ငံတွေထဲက စာပေကြောင့် ကြီးပွားချမ်းသာသွားကြသူအချို့ပဲ၊ အများကြီးရှိသေးတယ်။ တို့မြန်မာနိုင်ငံမှာတော့ သမိုင်းနဲ့ချီပြီးပြောရရင် စာတိုင်ညို။ ညိုဘဝကနေ ဝန်ဇင်းဖိုးရာဇာဖြစ်လာတဲ့ ပညာရှိအမတ်ကြီးပဲ။ တို့မျက်မှောက်ခေတ်ကာလမှာတော့ ပခုက္ကူဦးအုန်းဖေ လူမိုက်ဘေးပြဘဝနဲ့ ထောင်ကျ၊ ထောင်ထဲမှာ တွေ့မြင်သမျှ စာတိုပေစတွေ ဖတ်ရှုရင်းက နောင်တရ။ ထောင်ကလွတ်လာတော့ စာပေအသိကြောင့် စိတ်သစ်လူသစ်နဲ့ ကြိုးစားလိုက်တာ ဆေးပေါင်းဖိုပိုင်ရှင်သူဌေးကြီးလဲဖြစ်၊ စာရေးဆရာလဲဖြစ်လို့ စာပေကျေးဇူးကိုတုံ့ပြန်တဲ့အနေနဲ့ ပခုက္ကူ ဦးအုံးဖေစာပေဆုကို စတင်တီထွင်ပေးအပ်ချီးမြှင့်ခဲ့တယ်။ ဒါ့ပြင်ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကိုတည်ထောင်ပေးခဲ့ပြီး စာကြည့်တိုက်ဆုနဲ့ ပညာသင်ဆုတွေကိုလဲ နှစ်စဉ်ပေးအပ်ချီးမြှင့်ခဲ့တယ်။ စာပေကရတဲ့ အသိသတိကြောင့် အသုံးနဲ့အဖြုန်းကို နားလည်ပြီး ကိုယ်ပိုင်ကားမစီးဘဲ စက်ဘီးနဲ့သာ သွားလာရှာဖွေစုဆောင်းခဲ့ပုံတွေနဲ့ အမှားကို အမှန်ပြင် ခဲ့ပုံတွေကို တွေ့ရကြုံရ ကျွန်တော့်ဘဝ လုံးချင်း ၃ တွဲ ထုတ်ဝေခဲ့တာ ဆရာဝန်တင်ရွှေ စာပေဆုကို ထိုက်တန်စွာရခဲ့တယ်။ ဘယ်တော့မှ မရိုးနိုင်တဲ့ တက်ကျမ်းစာအုပ်ပါပဲ။ ဒါကြောင့် လူသေပေမဲ့ နာမည်မသေဘဲ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင် "ပခုက္ကူ ဦးအုံးဖေ"ရယ်လို့ ကမ္ပည်းတင်ကျန်ခဲ့တယ်"

"နောက်တစ်ယောက်ကတော့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ကန်တော့ခံသက်ကြီးစာပေပညာရှင်လဲဖြစ်တဲ့ ကေသီပန်ဦးလှမြင့်ပဲကွ။ ကေသီပန်ဦးလှမြင့်ကတော့ ငါနဲ့ကောင်းတူဆိုးဖက် လက်တွဲလှုပ်ရှားခဲ့ဖူးလို့ သူ့အကြောင်းကို ငါက ဂဃနဏ သိခဲ့ရလို့ ပြောပြရအုံးမယ်။ တကယ်တော့ ဦးလှမြင့်ဟာ ဘဝနာခဲ့သူပါကွာ။ ကလေးဘဝ၊ လူငယ်လူရွယ်ဘဝမှာ တော်တော့်ကို ရုန်းကန်လှုပ်ရှားခဲ့ရသူပါ။ လူငယ်ဘဝမှာ ဖိနပ်မပါ၊ ခြေဗလာနဲ့ ငှက်ပျောခိုင်ထမ်းခဲ့ရတယ်။ မြက်ရိတ်၊ နွားကျွေး အလုပ်ကိုပေးသမျှနဲ့ လုပ်ခဲ့ရတယ်။ စပါးဒိုင်မှာလဲ ပင်ပင်ပန်းပန်းလုပ်ခဲ့ရတယ်။ သင်္ဘောပေါ်မှာ မရဲတရဲနဲ့ စာအုပ်မျိုးစုံကို အော်ဟစ်ရောင်းချခဲ့ရတယ်။ သတင်းစာပို့ခဲ့ရတယ်။ လမ်းဘေးမှာ ကွမ်းယာဆိုင်လေးဖွင့်ခဲ့ရတဲ့အဆင့်၊ စက်ဘီးစုတ်ကလေးကို စီးတစ်လှည့်၊ တွန်းတစ်လှည့်နဲ့ သံဖြူဆရာလုပ်ပေးတဲ့ သွပ်ပြား အော်လံလေးနဲ့ နာမည်မရသေးတဲ့ဆေးကို နယ်တကာ၊ အရပ်တကာမှာ လှည့်လည်အော်ဟစ်ရောင်းချခဲ့ရတဲ့အဆင့်။ ဆေးဆိုင်တွေမှာ သူ့ဆေးကို ဖြန့်ဖြူးပေးဖို့ မျက်နှာငယ်လေးနဲ့ လှည့်လည်ပို့ပေးနေရတဲ့အဆင့်ကနေ နိုင်ငံကျော်၊ ကမ္ဘာကျော် ကေသီပန်ဆေးတိုက်ပိုင်ရှင်ကြီး၊ သီရိသုဓမ္မမဏိဇောတရဲ့ဘွဲ့ရ သဒ္ဓါကြည်လင်ကုသိုလ်ရှင်ကြီး၊ အမျိုးသားစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆုရ စာရေးဆရာကြီးအဆင့်ထိ မြင့်မားကြီးပွားတိုးတက်လာတာပဲ"

"ကေသီပန်ဦးလှမြင့်ဟာ စမ်းချောင်းမြို့နယ်မှာ ကြီးမားတဲ့မြို့နယ်အဆင့်တာဝန်ကို ထမ်းဆောင်ခဲ့စဉ်ကလဲ အတိုက်အခိုက်မျိုးစုံကိုခံခဲ့ရပြီး တာဝန်က ရုတ်သိမ်းခံခဲ့ရသေးတယ်ကွ။ အဲဒီအချိန်တုန်းကလဲ တရားရစရာ တော်တော်ကောင်းခဲ့တယ်ကွ။ ဦးလှမြင့်ခမျာမှာတော့ ကယ်ကူရာမဲ့ဘဝနဲ့ တချို့ဆိုရင်မေးထူးခေါ်ပြောတောင် မရှိကြတော့ဘဲ ရှောင်လွှဲနေကြတယ်။ ဦးလှမြင့်ဟာ မရှက်မကြောက်ဘဲ လမ်းဘေးမှာ ကွမ်းယာဆိုင်လေးဖွင့် ရောင်းချ။ ဆေးတွေ လှည့်ရောင်း၊ ပင်ပန်းဆင်းရဲနေတဲ့ကြားထဲ အိမ်ထောင်ရေးကလဲ ပြိုကွဲခဲ့ရတယ်။ ဦးလှမြင့်ရဲ့ဘဝဟာ တော်တော်နာကြည်းစရာကောင်းခဲ့တယ်ကွ"

"ဒါပေမဲ့ ဦးလှမြင့်ဟာ ဘဝနာတာကို အကျမနာအောင် လုံ့လဝီရိယအပြည့်နဲ့ ကြိုးစားရုန်းကန်ခဲ့တယ်။ အဲဒီလိုပဲ ကြိုးစားရုန်းကန်နိုင်အောင် လှုံ့ဆော်ပေးတဲ့ အရာက စာပေတွေပဲကွ။ လမ်းဘေးဈေးသည်ဘဝမှာ ဆရာကြီးပီမိုးနင်းရဲ့ တက်ကျမ်းတွေကိုဖတ်ရှုပြီး သူ့ဘဝတတ်လမ်းကို စတင်ခဲ့တယ်။ ဆရာကြီး မင်းသုဝဏ်က ရတနာမွန် ဘာသာရေးမဂ္ဂဇင်းမှာ ကွက်သေတစ်ခုအရင်းပြုစကားပုံကို အကြောင်းပြုပြီး "မီးပွားမှတ်သို့၊ သေးနုတ်ဥစ္စာ၊ ရင်းနှီးကာလျှင်၊ ပညာဉာဏ်အား၊ ရှိသူများသည်၊ ကြီးပွားနိုင်ပါသည်တကား"ရယ်လို့ ကဗျာစပ်လှုံ့ဆော်ရေးသားထားတာကို နှစ်သက်သဘောကျပြီး နေ့စဉ်အခေါက်ရေ ၁၀၀ ရွတ်ဆိုနေခဲ့တယ်။ အဲဒီကဗျာကို အခြေခံပြီး အောင်စိတ်ဓာတ်အဖြစ် သတ်မှတ်ကြိုးစားခဲ့တယ်"

"ဦးလှမြင့်ဟာ ကွက်သေတစ်ခု အရင်းပြုပြီး ကြီးပွားချမ်းသာအောင် ကြိုးစားခဲ့တဲ့သာဓကေ လှုံ့ဆော်မှု (စာပေရဲ့လှုံ့ဆော်မှု)ကို ပမာပြုပြီး သုညက စခဲ့၊ ကြိုးစားခဲ့လိုက်တာ တစ်ဂဏန်းကနေ သိန်းဂဏန်းထိ၊ သိန်းဂဏန်းကနေ ကြွယ်ဝချမ်းသာတဲ့အခြေအနေထိ ကြီးပွားတိုးတက်လာခဲ့တာပဲကွ။ ဆရာကြီးမင်းသုဝဏ်ရဲ့ ကွက်သေတစ်ခု အရင်းပြုတဲ့ကဗျာလေးကြောင့်တိုးတက်ကြီးပွားထင်ရှားလာခဲ့တဲ့ ကေသီပန်ဦးလှမြင့်ဟာ စာပေအလှ၊ စာတစ်စလည်း၊ ဘဝသတိ၊ ဘဝသိသို့၊ ကူးတို့ဝန်ထမ်း၊ လမ်းတစ်လမ်း ဆိုသလိုပဲ စာပေအလှ စာတစ်စကြောင့် ဒီဘဝကို ရောက်လာတာပဲကွ"

"အဲဒီလို သူ့ဘဝတိုးတက်လာတာနဲ့ပတ်သက်လို့ သူ့ကို အဘက်ဘက်ကကျေးဇူးပြုခဲ့ဖူးသူမှန်သမျှကို တကူးတက သွားရောက်ကျေးဇူးတုံ့ပြန်နေခဲ့သလို အခါအခွင့်သင့်သလိုလဲ ကျေးဇူးတုံ့ပြန်နေခဲ့တယ်ကွ။ ဆရာကြီးမင်းသုဝဏ်ကို သူသွားကန်တော့တော့ ဆရာကြီးမင်းသုဝဏ်ကိုယ်တိုင် အံ့အားသင့်သွားခဲ့ရတယ်။ ဦးလှမြင့်ဟာ ငွေကြေးဝတ္ထုပစ္စည်းအစုစုနဲ့ ကျေးဇူးတုံ့ပြန်နေရတာကို အားမရသေးဘဲ လူငယ်လူရွယ်တွေ သူ့ကို အားကျအတုယူစေချင်တဲ့စေတနာဆန္ဒနဲ့ သူရုန်းကန်လှုပ်ရှား ကြိုးစားခဲ့ပုံအဖုံဖုံကို သူတတ်သမျှ မှတ်သမျှနည်းလမ်းနဲ့ စာတိုပေစလေးတွေရေးသားတင်ပြခဲ့တယ်"

"၂၀၀၆ခုနှစ်မှာ ဖခင်နို့တိုက်ခဲ့သည့် ကျွန်တော့်အဖေ လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့တယ်။ ပထမဆုံးထုတ်ဝေခဲ့တဲ့ အဲဒီစာအုပ်ဟာ ဆရာဝန်တင်ရွှေစာပေဆု ရခဲ့တယ်။ ၂၀၀၈ခုနှစ်မှာ ငှက်ပျောထမ်း၍ ခရီးကြမ်းနှင်စာအုပ်နဲ့ ၂၀၀၉ ခုနှစ်မှာ လောကခံကို စိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့်ကျွန်တော် စာအုပ်ကို ဆက်လက်ထုတ်ဝေခဲ့တယ်။ ၂၀၁၁ ခုနှစ်မှာတော့ ဖခင်နို့တိုက်ခဲ့သည့်ကျွန်တော့်အဖေ နှင့် လောကခံကို စိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့် ကျွန်တော်ဆိုတဲ့စာအုပ်ကို ထုတ်ဝေခဲ့တယ်"

"အဲဒီစာအုပ်ဟာ တစ်အုပ်ကို အဲဒီအချိန်က ရှစ်ထောင်ကျော်ကျော် တန်ဖိုးရှိပေမဲ့ စာချစ်သူအများစု ဝယ်ယူဖတ်ရှုနိုင်ဖို့နဲ့ လူငယ်လူရွယ်တွေကြားမှာ ပျံ့နှံ့ပွားများစေဖို့အတွက် တစ်အုပ်ကို လေးထောင်ကျပ်နှုန်းနဲ့ပဲ ဖြန့်ချိခဲ့တယ်။ တကယ်လဲ လူထုအကြားမှာ ပျံ့နှံ့သွားခဲ့သလို လူကြိုက်လဲ များခဲ့တယ်။ ဦးလှမြင့်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်ပေမဲ့ ကြီးပွားရာကြီးပွားကြောင်း ခေတ်မီတက်ကျမ်းစာအုပ်အဖြစ် ထင်ရှားကျော်ကြားခဲ့တယ်"

"မှန်ကန်တဲ့လုပ်ရပ်အပေါ်မှာထိုက်တန်တဲ့တုံ့ပြန်မှုဟာ ရှိစမြဲ ဆိုသလိုပဲ ၂၀၁၁ ခုနှစ် အမျိုးသားစာပေဆု (စာပဒေသာ)ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြန်တယ်။ ဦးလှမြင့်အနေနဲ့ ရွှေမလို၊ ငွေမလို၊ ဂုဏ်ပကာသန မလိုတဲ့ဘဝမှာ သူ့ရဲ့ကျေးဇူးရှင်အများပြည်သူတွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ အမျိုးသားစာပေဆုရခဲ့တဲ့ အဲဒီစာအုပ်ကို ပလတ်စတစ်ထပ်ဖုံးပြီး ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်တယ်ကွ။ အခုကာလပေါက်ဈေးအရ သုံးသောင်းကျပ်တန်တဲ့စာအုပ်ကို ကျပ် ၄၀၀၀ နှုန်းနဲ့ပဲ ဖြန့်ဝေခဲ့တယ်ကွ"

"ခင်ပွန်းကျေးဇူး၊ မထိမ်မြုူး၊ တထူးလွန်ချမ်းသာ၊ ကျေးဇူးမပစ်၊ စည်းစိမ်ဖြစ်၊ ဆန်းသစ်လပမာ"လို့ သုတရတနာဆုံးမစာမှာပါသလိုပဲ ကျေးဇူးတရားကို အလေးထားတဲ့ ဆရာကေသီပန်ဦးလှမြင့်ဟာ အစစအရာရာမှာ တိုးတက်အောင်မြင်ကြီးပွားခဲ့တယ်။ ငါ အလေးအနက်ထားပြီးပြောချင်တာက အလိမ္မာစာမှာရှိဆိုတဲ့ဆောင်ပုဒ်ကို လက်တွေ့အလုပ်နဲ့သက်သေပြနိုင်ခဲ့တဲ့ ကေသီပန်ဦးလှမြင့်ကို စံနမူနာယူ၊ အားကျအတုယူကြိုးစားကြမယ်ဆိုရင် ကြီးငယ်မဟူ ဘယ်သူပဲဖြစ်ဖြစ် ကြီးပွားတိုးတက်မယ်ဆိုတာပဲကွ"

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၀၁၃၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမတ်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲ ၁၉၀၁၃၉ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မတ်ပဲခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာသီမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

"လူ့လောကမှာ ကြီးပွားတိုးတက်ချင်ရင် ထိုင်နေ၊ ငိုင်နေ၊ မှိုင်နေလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ စိတ်ဓာတ်ကျနေရင်လဲ ဘဝဟာ နိမ့်ကျသထက် နိမ့်ကျနေမှာပဲ။ ထိုင်နေ၊ ငိုင်နေ၊ မှိုင်နေသူတွေကို စေ့ဆော်သမှုပြုနိုင်တာက စာပေပဲ။ တပ်လှန့်ပေးနိုင်တာက စာပေပဲကွ၊ ဒါကြောင့် စာရေးဆရာကြီး မန်းတင်က စာအုပ်စာပေသည် ငြီးငွေ့နေလျှင်ပျော်ရွှင်စေ၏။ ဗဟုသုတပေးဝေ၏။ စိတ်အားငယ်က တက်ကြွစေ၏။ လောကုတ်၊ လောကီ၊ အဆီအနှစ်၊ အသစ်ကောင်း၊ စုပေါင်းပညာ၊ ဝေဖြာရောင်လင်း၊ အမှောင်ခွင်း၏လို့ ညွှန်းဆိုခဲ့တယ်ကွ။ အဲဒီလိုပဲ စာပေပညာရှင် ဦးပဂျီဒိုက စာဖတ်ခြင်းသည်၊ အိမ်တံခါးများကိုဖွင့်သည်မည်၏။ စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးများကိုပိတ်ထားသည်နှင့်တူ၏။ အနားမှာ စာအုပ်မထားခဲ့သော် ဘဝတံခါးကြီးပိတ်နေပေလိမ့်မည်လို့ မီးမောင်းထိုးပြခဲ့တယ်ကွ"

"သတင်းစာဆရာကြီး လူထုဦးလှက စာမဖတ်သူသည် တိုးတက်မှုရပ်တန့်နေ၏။ စာဖတ်သူသည် တိုးတက်မြဲ တိုးတက်နေ၏လို့ သတိပေးခဲ့တယ်ကွ။ စာရေးဆရာကြီးပီမိုးနင်းကလဲ လူကို စိတ်ကအုပ်ချုပ်၏။ စိတ်ကိုဉာဏ်ပညာကအုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့လို့ လမ်းညွှန်ခဲ့တယ်ကွ။ ဒါကြောင့် စာမဖတ်သူ ပပျောက်ရေးလှုပ်ရှားမှုတွေကို ဆောင်ရွက်နေကြတာကွ"

"စာမဖတ်သူတွေ စာဖတ်ကြပါပြီတဲ့ကွာ စာတွေကိုဖတ်ပြီး မှတ်သားနာယူကျင့်ကြံမှုမရှိကြသူတွေ ရှိနေကြလေတော့ သဲထဲရေသွန်ဖြစ်ကြရတာတွေ။ ပိုးသာကုန် မောင်ပုံစောင်းတီးမတတ်တာတွေကို ကြုံတွေ့နေရအုံးမှာပဲကွ။ ဒါထက်ဆိုးတာက အလိမ္မာ စာမှာရှိအစား အလိမ္မာ ဖုန်းမှာရှိဆိုသလို စာပေကိုပစ်ပယ်၊ မျက်ကွယ်ပြု လျစ်လျူရှုနေကြပြီး လက်ကိုင်ဖုန်းကိုပဲ သဲသဲမဲမဲ၊ မခွဲမခွာ ကြည့်နေကြလေတော့ သူတို့ရှေ့ရေးအတွက် ရင်လေးစရာ ကောင်းလှပါတယ်ကွာ"

"ဒါကတော့ ကာယကံရှင်တွေရဲ့ခံယူချက်နဲ့ ပေ့ါပျက်ပျက် လူနေမှုစရိုက်တွေအရ ဘဝအဆင့်အတန်းတွေလဲ ခြားနားသွားကြမှာပဲကွ။ ဉာဏ်ပညာဗဟုသုတမရှိကြဘဲ ကြီးပွားတိုးတက်နေတယ်ဆိုရင်လဲ ကောက်ရိုးမီးလို ခဏပဲခံစားကြရမှာကွ။ ပခုက္ကူဦးအုံးဖေနဲ့ကေသီပန်ဦးလှမြင့်တို့လို စာပေဗဟုသုတအသိဉာဏ်ကြောင့် ကြီးပွားချမ်းသာလာသူတွေကတော့ ဆရာကြီးလူထုဦးလှပြောခဲ့သလိုပဲ ပြောရရင် စာမဖတ်သူဟာ ကြီးပွားတိုးတက်ရေးလမ်းတစ်နေရာမှာ ရပ်သွားပေမဲ့ စာဖတ်သူကတော့ သူ့ရဲ့ကြီးပွားတိုးတက်မှုဟာ ဘယ်တော့မှ မရပ်ဘဲ သေဆုံးသွားမှသာ ရပ်သွားလိမ့်မယ်တဲ့ကွာ"

"တော်တော် အတုယူသင့်တဲ့ စကားပဲကွာ"

"စာပေပညာရှင်ကြီးတွေရဲ့အတွေးဟာ ပြေးကြည့်တာထက် မှန်တယ်ဆိုတာ လက်တွေ့လူ့လောကမှာ မင်းအမြင်ပဲမဟုတ်လား"

"ဟုတ်ပ့ါ သူငယ်ချင်းရာ" ဟူ၍ ထောက်ခံစကား ဆိုခဲ့ပါတော့သည်။

## အမေ၏မွေးနေ့၌

– ယနေ့သည်လျှင် မွေးမိခင်၏
နှစ်စဉ်ကြုံတွေ့ ဆုံရလေ့သည့်
မွေးနေ့အခါ မင်္ဂလာမို့
အညာရပ်နေ ကျွန့်မွေးမေကို
တွေဝေလွမ်းဆွတ် မိတကား။

– မွေးမေကိုလွမ်း ဘုရားပန်းနှင့်
ရေချမ်းသီတာ ကပ်လှူကာနှင့်
နံ့သာဆီမီး ထွန်းညှိပြီးလည်း
စုစည်းမရ အတွေးစ၌
ငယ်ကကျွေးမွေး ယုယထွေးသည့်
မွေးမိမာတာ ထက်အညာဝယ်
အိုစာမင်းစာ သင့်တင့်စွာလျှင်
ရှိပါလေစ ရှိပါစဟု
သားလှတွက်ပူ သမီးပူနှင့်
အပူငွေ့ထဲ တဝဲဝဲမို့
ဆည်းလည်းသံဖိတ် ကျောင်းကန်ရိပ်ဝယ်
တစ်စိတ်ခိုမှ ခိုနိုင်စဟု
တွေးဆနေမိ သည်တကား။

– ဘုရားကုန်းတော် ရင်ပြင်ပေါ်၌
ရှုမျှော်ငေးမော သို့တွေးတောဆဲ
ကျောဘက်ဆီမှ ညင်သာလှသည့်
ချို့မြစကား ဆိုသံကြားမှ
အဘွားအိုအို တစ်ယောက်ကိုလျှင်
စာဆိုမြင်ခဲ့ မိသည်တကား။

– ...လူကလေးရယ်
မအေးဘူးလား နာဖျားအခက်
မိုးဖွားပက်လိမ့်...တဲ့
...ဥပုသ်စောင့်လာ အမေပါသည့်
ချို့စွာပျံ့မွှေး ရေနွေးတစ်ကျိုက်
ရော့...သောက်လိုက်ကွယ်...တဲ့။

– မွေးမေကိုလွမ်း အောက်မေ့တမ်းဆဲ
စမ်းကျရေဖိတ် မိခင်စိတ်ဖြင့်
ပြည့်သိပ်ဝေဆာ စေတနာနှင့်
မေတ္တာစကား သို့လျှင်ကြားသော်
ဘွားအိုသည်ပင် ကျွန့်မိခင်ဟု
မှတ်ထင်ရိုကျိုး ကျွန်ရှိခိုး၏
ရှိခိုးရင်းပင် ကျွန်ုပ်မြင်သည်
မိခင်တိုင်း၏ မေတ္တာကို။ ။

**မြင်းမူမောင်နိုင်မိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

## နိုင်ငံတကာ သတင်းများ

# တရုတ်နှင့်ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများ ဖနောင်ပင်မြို့၌ တွေ့ဆုံ



ဖနောင်ပင် ဧပြီ ၂၃

တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများ ပူးတွဲဆွေးနွေးပွဲကို ဧပြီ ၂၂ ရက် တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနေသော တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ကာကွယ်ရေးဝန်ကြီး တောင်ကျွန်းတို့သည် ဧပြီ ၂၂ ရက်တွင် ဖနောင်ပင်မြို့၌ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ခ်ဆိုခွန်၊ ကာကွယ်ရေးဝန်ကြီး တီရာဆီဟာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများ ပူးတွဲဆွေးနွေးပွဲအစီအစဉ်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှ ဒေသ၌ သြဇာချဲ့ထွင်ရန် ကြိုးပမ်းနေသော တရုတ်နိုင်ငံသည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံနှင့်လည်း စတင်ကျင်းပခဲ့ပြီးဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိနေချိန်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ကမ္ဘောဒီးယားလွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်၊ ဝန်ကြီးချုပ် ဟွန်မာနက်တို့နှင့်လည်း သီးခြားစီ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ကမ္ဘောဒီးယား နိုင်ငံသည် တရုတ်နိုင်ငံအတွက် အဓိက အကျဆုံး အရှေ့တောင်အာရှ နိုင်ငံရေးမဟာမိတ် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယနိုင်ငံ တမီလ်နာဒူးနှင့် အနောက်ဘင်ဂေါလ် ပြည်နယ်တို့၌ ရွေးကောက်ပွဲများကျင်းပ

ဒေလီ ဧပြီ ၂၃

အိန္ဒိယနိုင်ငံ တမီလ်နာဒူး ပြည်နယ်နှင့် အနောက်ဘင်ဂေါလ် ပြည်နယ်တို့၌ ယနေ့တွင် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲများ စတင်ကျင်းပနေကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများသည် ဝန်ကြီးချုပ် မိုဒီဦးဆောင်သည့် ဘရာတီယာဂျနေတာပါတီ(ဘီဂျေပီ) ရရှိထားသော ပြည်သူ့ထောက်ခံမှုအတိုင်းအဆကို ပြသနိုင်မည့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများဖြစ်သည်။

တမီလ်နာဒူး ပြည်နယ်နှင့် အနောက်ဘင်ဂေါလ် ပြည်နယ်တို့မှာ ဘရာတီယာဂျနေတာပါတီ ထိန်းချုပ်ထားနိုင်ခြင်း မရှိသည့် အိန္ဒိယပြည်နယ်များထဲတွင် ပါဝင်သည်။

တမီလ်နာဒူး ပြည်နယ်နှင့် အနောက်ဘင်ဂေါလ် ပြည်နယ်တို့သည် အတိုက်အခံအင်အားစုပါတီများက ထိန်းချုပ်ထားသည့် ပြည်နယ်များဖြစ်ကြသည်။

တမီလ်နာဒူး ပြည်နယ်နှင့် အနောက်ဘင်ဂေါလ် ပြည်နယ် ရွေးကောက်ပွဲရလဒ်များကို လာမည့်လအတွင်း ကြေညာနိုင်ဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံသည် ယခုလအစောပိုင်းကလည်း အာသံပြည်နယ်၊ ကေရာလာပြည်နယ်၊ ပွန်ဒူချာရီ ဖက်ဒရယ်နယ်မြေတို့၌ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပထားပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကိုရီးယားစွမ်းအင်နှင့် အဆင့်မြင့်နည်းပညာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားနှင့် ဗီယက်နမ်သမ္မတတို့ သဘောတူ

ဟန္နိုင်း ဧပြီ ၂၃

နျူကလီးယားစွမ်းအင်ကဏ္ဍနှင့် အဆင့်မြင့်နည်းပညာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်နှင့် ဗီယက်နမ်သမ္မတ တိုလမ်းတို့က ဧပြီ ၂၂ ရက်တွင် သဘောတူခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိနေသည့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် ဧပြီ ၂၂ ရက်တွင် ဟန္နိုင်းမြို့၌ ဗီယက်နမ်သမ္မတ တိုလမ်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။



အဆိုပါဆွေးနွေးပွဲ ပြီးဆုံးပြီးနောက် တောင်ကိုရီးယားနှင့် ဗီယက်နမ် တာဝန်ရှိသူများက စွမ်းအင်၊ နည်းပညာ၊ လုံခြုံရေး နယ်ပယ် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာများ အပါအဝင် နားလည်မှုစာချွန်လွှာ ၁၂ ခုကို လက်မှတ်ရေးထိုးခဲ့ရာ သမ္မတ တိုလမ်းနှင့် သမ္မတ လီဂျေးမြောင်တို့ ကိုယ်တိုင်တက်ရောက်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံသည် လျှပ်စစ်ဓာတ်အားနှစ် မဂ္ဂါဝပ်မှ ၃ ဒသမ ၂ မဂ္ဂါဝပ်ထိ ထုတ်ပေးနိုင်မည့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံကို ၂၀၃၅ ခုနှစ်တွင် တည်ဆောက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံ ရှာဖွေလျက်ရှိသည်။

ဧပြီ ၂၂ ရက် ဆွေးနွေးပွဲတွင် တောင်ကိုရီးယားနှင့် ဗီယက်နမ်သမ္မတတို့သည် ဗီယက်နမ်၌ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရေးနှင့် ဘဏ္ဍာရေးအရ ထောက်ပံ့ရေးတို့အတွက် ဖြစ်နိုင်ခြေများကို လေ့လာရန်လည်း သဘောတူခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်နှင့် ဗီယက်နမ်သမ္မတ တိုလမ်းတို့သည် ပြီးခဲ့သည့်နှစ် သြဂုတ်လကလည်း တောင်ကိုရီးယား၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားနှင့်မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ် မြစ်ကူးတံတားသစ် မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထား

ပြုံယမ်း ဧပြီ ၂၃

နှစ်နိုင်ငံကြားရှိ တူမင်မြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသည့် ကားလမ်းတံတားသစ်ကို မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်ရန် မြောက်ကိုရီးယားနှင့် ရုရှားတို့က ရည်ရွယ်ထားကြောင်း ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ တူမင်မြစ်ကူးတံတားသစ်သည် ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ကေစီအင်န်အေ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလျားမီတာ ၈၅၀ (၂၇၈၉ ပေ) ရှိသည့် တူမင်မြစ်ကူးတံတားကို ရုရှားနှင့် မြောက်ကိုရီးယားတို့က ပြီးခဲ့သည့် တစ်နှစ်ခန့်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့်မြောက်ကိုရီးယားတို့သည် တူမင်မြစ်ကူးတံတားသစ်ကို ၁၉၅၉ ခုနှစ်တွင် တည်ဆောက်ခဲ့သော နှစ်နိုင်ငံချစ်ကြည်ရေး ရထားလမ်းတံတားဟောင်းအနီးတွင် တည်ဆောက်နေခြင်းဖြစ်သည်။

တူမင်မြစ်ကူးတံတားသည် ရုရှားနိုင်ငံ၏ အဝေးပြေးလမ်းမနှင့် ချိတ်ဆက်ထားမည် ဖြစ်ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံစစ်ရေး၊ နိုင်ငံရေးဆက်ဆံမှုများကို ပို၍မြှင့်တင်လာခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကုန်သေတ္တာတင် သင်္ဘောနှစ်စီးကို ဟော်မုဇ်ရေလက်ကြား၌ အီရန်တော်လှန်ရေးအစောင့်တပ် ဖမ်းဆီးထိန်းသိမ်း

တီဟီရန် ဧပြီ ၂၃

ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရန်ကြိုးပမ်းခဲ့သည့် ကုန်သေတ္တာတင် သင်္ဘောနှစ်စီးကို ဖမ်းဆီး ထိန်းသိမ်းထားကြောင်း အီရန်နိုင်ငံက ဧပြီ ၂၂ ရက်တွင် သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရယူထားသည့် ရက်သတ္တနှစ်ပတ်ကြာ အီရန်စစ်ရေးပဋိပက္ခ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို သက်တမ်းတိုးထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့ပြီးနောက် အီရန်နိုင်ငံက ကုန်သေတ္တာတင်သင်္ဘောနှစ်စီးကို ဟော်မုဇ်ရေလက်ကြား အတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။



အဆိုပါ ကုန်သေတ္တာတင် သင်္ဘောနှစ်စီးသည် ပင်လယ်ကွေ့ရေပြင်မှ ထွက်ခွာရေးအတွက် ဧပြီ ၂၂ ရက်တွင် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရန်ကြိုးပမ်းခဲ့ကြကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အီရန်စစ်ရေးပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် ရပ်ထားသော်လည်း အမေရိကန်ရေတပ်က အီရန်ဆိပ်ကမ်းများကို ပိတ်ဆို့ထားဆဲဖြစ်သည်။

အလားတူ အီရန်နိုင်ငံကလည်း ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပိတ်ဆို့ထားပြီး ဖြတ်သန်းရန် ကြိုးပမ်းသည့် သင်္ဘောများကို တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းပုံမှန်ဖြတ်သန်းနေသည့် ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့နေမှုကြောင့်နိုင်ငံတကာ စွမ်းအင်ဈေးနှုန်းများမြင့်တက် လျက်ရှိနေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် စက်တင်ဘာလအစောဆုံးထား၍ လွှတ်တင်ရန် နာဆာ စီစဉ်




**ဝါရှင်တန် မေ ၂၃**

နန်စီဂရေ့စ် ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် စက်တင်ဘာလ အစောဆုံးထား၍ လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) က စီစဉ်ထားကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် နန်စီဂရေ့စ် ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ် တည်ဆောက်တပ်ဆင်မှုလုပ်ငန်းမှာ ပြီးဆုံးသွားပြီဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် နန်စီဂရေ့စ် ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို ယခုနှစ် စက်တင်ဘာလ အစောဆုံးထား၍ လွှတ်တင်ရန် စီစဉ်ထားကြောင်း နာဆာအုပ်ချုပ်ရေးမှူး ဂျရတ်အိုင်းဆက်က ပြောကြားထားသည်။

နန်စီဂရေ့စ် ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်ကို စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားသည်။

နန်စီဂရေ့စ် ရိုမန်အာကာသ ရေဒီယို တယ်လီစကုပ်အနေဖြင့် လွှတ်တင်ပြီး ငါးနှစ်တာကာလအတွင်း နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ် ၁၀၀၀၀၀ ကျော်ထိ ရှာဖွေပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

နန်စီဂရေ့စ် ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်၏ စကြဝဠာ စူးစမ်းလေ့လာနိုင်စွမ်းသည် ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်ထက် အဆ ၁၀၀ ပိုမြင့်မားကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နာဆာ၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က သက်ရှိများ၏အခြေခံဇီဝမော်လီကျူးများကို အင်္ဂါဂြိုဟ်ပေါ်တွင် ရှာဖွေတွေ့ရှိထား


**ဝါရှင်တန် မေ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် သက်ရှိများ၏အခြေခံ ဇီဝမော်လီကျူးများကို အင်္ဂါဂြိုဟ်ပေါ်တွင်ရှာဖွေတွေ့ရှိထားကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်၌ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် ရှာဖွေတွေ့ရှိခဲ့သော ဇီဝမော်လီကျူးများထဲတွင် ကမ္ဘာဂြိုဟ်ပေါ်ရှိသက်ရှိများအတွက် ဇီဝအခြေခံပစ္စည်းများဖြစ်သည့် မော်လီကျူးများလည်း ပါဝင်ကြောင်း သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အထက်ပါ ဇီဝမော်လီကျူးများကို SAM အမည်ရှိ စူးစမ်းလေ့လာရေး စနစ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SAM စူးစမ်းလေ့လာရေးစနစ်သည် တက်တရာမီသိုင်းအမိုးနီးယမ်း ဟိုက်ဒရောဆိုက် (TMAH) ခေါ် ဓာတုပစ္စည်းတစ်မျိုးကို အသုံးပြု၍ အင်္ဂါဂြိုဟ်မြေစေးလွှာများထဲ၌ အထက်ပါ ဇီဝမော်လီကျူးများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် ရှာဖွေတွေ့ရှိခဲ့သော ဇီဝမော်လီကျူးများထဲတွင် ကမ္ဘာဂြိုဟ်ပေါ်၌ သက်ရှိများ ပေါ်ထွက်လာရေးအတွက် အထောက်အကူပြုခဲ့သော နိုက်ထရိုဂျင်နှင့် ဆာလ်ဖာမော်လီကျူးများလည်း ပါဝင်ကြောင်း သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၂၀၁၂ ခုနှစ် ဩဂုတ် ၆ ရက်မှစ၍ အင်္ဂါဂြိုဟ် ဂေးလ်ဥက္ကာခြင့်ဝှမ်းနယ်မြေ၌ စူးစမ်းလေ့လာမှုများ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Glenn ဒုံးပျံ လွှတ်တင်မှုများကို ယာယီရပ်နားထားမည်ဖြစ်

**ဝါရှင်တန် မေ ၂၃**

အမေရိကန် ဖက်ဒရယ်လေကြောင်း ပျံသန်းရေးဗျူရို (FAA)၏ ညွှန်ကြားချက်အရ ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glennဒုံးပျံ လွှတ်တင်မှုများကို ယာယီရပ်နားထားမည်ဖြစ်ကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

မေ ၁၉ ရက်တွင် လွှတ်တင်ခဲ့သည့် New Glenn မစ်ရှင်အတွင်း ဘလူးဘာ့ဒ်-၇ မိုဘိုင်းဆက်သွယ်ရေးဂြိုဟ်တု ဆုံးရှုံးခဲ့ရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် FAA က ဘလူးအော်ရီဂျင်ကုမ္ပဏီကို တောင်းဆိုထားသည်။

FAA ၏ တောင်းဆိုချက်အရ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်အတွင်း New Glenn ဒုံးပျံများ လွှတ်တင်မှု ယာယီရပ်နားထားမည်ဖြစ်သည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မေ ၁၉ ရက် New Glenn မစ်ရှင်နှင့်ပတ်သက်၍ ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ စုံစမ်းစစ်ဆေးမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို FAA က ဦးဆောင်ကြီးကြပ်မည်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် မေ ၁၉ ရက်တွင် ဘလူးဘာ့ဒ်-၇ မိုဘိုင်းဆက်သွယ်ရေး ဂြိုဟ်တုကို New Glenn ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှလွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အစာအိမ်ကင်ဆာကို အသားစထုတ်ယူရန်မလိုဘဲ တံတွေးစစ်ဆေးနည်းဖြင့် ရှာဖွေဖော်ထုတ်နိုင်

**ပေကျင်း မေ ၂၃**

ရိုးစင်းသည့် တံတွေးစစ်ဆေးနည်းတစ်မျိုးဖြင့် အစာအိမ်ကင်ဆာရောဂါကို အသားစထုတ်ယူစစ်ဆေးရန်မလိုဘဲ ရှာဖွေဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

အစာအိမ်ကင်ဆာ ရောဂါသည် တစ်ခါတစ်ရံ အစာအိမ်အတွင်းရှိနေတတ်သော Helico-bacter Pylori ခေါ် ဘက်တီးရီးယားတစ်မျိုးနှင့်လည်း ဆက်စပ်နေတတ်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

သို့ရာတွင် အထက်ပါဘက်တီးရီးယားများနှင့် အစာအိမ်ကင်ဆာရောဂါဖြစ်ပွားမှုတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးပေ။

သို့သော် တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ Heli-cobacter Pylori ဘက်တီးရီးယားများကြောင့် အစာအိမ်အတွင်းအက်စစ်ဓာတ်များ စုစည်းလာတတ်ပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

အထက်ပါ ဘက်တီးရီးယားများသည် အာခံတွင်း၌ စတင်ပေါ်ထွက်လာပြီး နောက်ပိုင်းမှသာ အစာအိမ်အတွင်း ရောက်ရှိသွားတတ်သည်ဖြစ်ရာ တံတွေးစစ်ဆေးနည်းဖြင့် အဆိုပါဘက်တီးရီးယားများ၏ အပြောင်းအလဲများကို လေ့လာ၍ အစာအိမ်ကင်ဆာရောဂါကို ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် အစာအိမ်ကင်ဆာလူနာများ၏ အစာအိမ်များအတွင်းရှိ ဘက်တီးရီးယားမျိုးစိတ် ၂၀ ကို ဖော်ထုတ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ကီတိုဓာတ်စာများက ပုံစံ-၂ ဆီးချိုလူနာများ၏ ပန်ကရိယအင်္ဂါလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်နိုင်

**နယူးယောက် မေ ၂၃**

အဆီဓာတ် ပါဝင်မှုမြင့်မား၍ ကာဘိုဟိုက်ဒရိတ် နည်းပါးသော ကီတိုဓာတ်စာ (Keto Diet) များသည် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၏ ပန်ကရိယအင်္ဂါ လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကီတိုဓာတ်စာကိုစားသုံးသည့် ပုံစံ-၂ ဆီးချိုလူနာများ၌ အင်ဆူလင်ဟော်မုန်းထုတ် ဆဲလ်များအပေါ် ဖိအားသက်ရောက်မှု ကျဆင်း သွားတတ်ကြောင်း သိရသည်။

ကီတိုဓာတ်စာ ပုံစံများသည် စွမ်းအင်အတွက် ကာဘိုဟိုက်ဒရိတ်အစား အဆီဓာတ်ကိုလောင်ကျွမ်းခြေဖျက်ပေးသည့် ကီတိုဆစ်ခေါ် အခြေအနေတစ်မျိုးပေါ်ထွက်လာရေးအတွက် အထောက်အကူပြုသည့် ဓာတ်စာမျိုးဖြစ်သည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကီတိုဓာတ်စာ စားသုံးသူ ပုံစံ-၂ ဆီးချိုလူနာများ၏ ပန်ကရိယအင်္ဂါ လုပ်ငန်းလည်ပတ်မှုမှာ ပုံမှန်ထက် အားကောင်းလာသည်ကို တွေ့ရကြောင်း သိရသည်။

ကီတိုဓာတ်စာသည် ပန်ကရိယအင်္ဂါ၏ အင်ဆူလင်ဟော်မုန်းထုတ် ဘီတာဆဲလ်များအပေါ် ဖိအားသက်ရောက်မှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



နိုင်ငံတကာ

**အားကစားသတင်းများ**

# အယ်လ်အာလီအသင်းကို ဆီမီးဖိုင်နယ်အဆင့်တွင် ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရပြီး အယ်လ်နာဆာအသင်း အေအက်ဖ်စီ ချန်ပီယံလိဂ်ဖိုင်နယ်လုပွဲအဆင့်သို့ တက်ရောက်



ရီယာ့ဒ် ဧပြီ ၂၃

အေအက်ဖ်စီ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းနှင့် ကာတာလိဂ်ကလပ် အယ်လ်အာလီအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အယ်လ်နာဆာအသင်းက ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရပြီး ဖိုင်နယ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Goal.com ဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အယ်လ်နာဆာအသင်းက ပွဲစကတည်းကပင် အယ်လ်အာလီအသင်းကို ဖိအားပေးကစားနိုင်ခဲ့ရာ ပွဲချိန် ၁၃ မိနစ်၊ ၄၅ မိနစ်၊ ၆၄ မိနစ်တို့တွင် ကိုးမန်း၊ ပွဲချိန် ၂၃ မိနစ်တွင် အိန်ဂျယ်လို၊ ပွဲချိန် မိနစ် ၈၀ တွင် အယ်ဟမ်ဒန်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အယ်လ်အာလီအသင်းက ပွဲချိန် ၁၁ မိနစ်တွင် ရန်ဆာနေး၏ သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့်အယ်လ်နာဆာအသင်းက ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရပြီး ဖိုင်နယ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အယ်လ်နာဆာအသင်း အနေဖြင့် ဖိုင်နယ်လုပွဲစဉ်တွင် ဂျပန်လိဂ်ကလပ်ဖြစ်သည့် ဂမ်ဘာအိုဆာကာအသင်းနှင့် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို လာမည့် မေ ၁၆ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပမည်ဖြစ်သည်။

အယ်လ်နာဆာအသင်းနည်းပြ ဂျော့ဂျီးဆပ်က "အခုပွဲစဉ်မှာ အသင်း ကစားသမားတွေအနေနဲ့ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ကစားသမားတွေရဲ့ကြံ့ခိုင်မှုနဲ့ အပေးအယူအချိတ်အဆက်တွေက အားရစရာကောင်းပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ရည်မှန်းချက်ဖြစ်တဲ့ ဖိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို စနီဂူ တက်ရောက်

မက်ဒရစ် ဧပြီ ၂၃

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ယူကရိန်း တင်းနစ်မယ် စနီဂူနှင့် ဩစတြေးလျတင်းနစ်မယ် ကာဆက်ကီနာတို့ယှဉ်ပြိုင်ခဲ့ရာ စနီဂူက (၆-၃၊ ၃-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စနီဂူသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ tie-break အဆင့်ထိ ကစားခဲ့ရပြီး စနီဂူက အနိုင်ရခဲ့ခြင်းဖြစ်သည်။

စနီဂူက "ကာဆက်ကီနာနဲ့ ယှဉ်ပြိုင်ရတာ ကျွန်မအနေနဲ့ ရလဒ်ကောင်းဖို့ မျှော်လင့်နိုင်တဲ့ အခြေအနေမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့လဲ ရလဒ်ကို မတွေးဘဲ အကောင်းဆုံး လုပ်သွားမယ်ဆိုပြီး ပွဲအပေါ်မှာပဲ အာရုံစိုက်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ အနိုင်ရခဲ့တဲ့အတွက် ယုံကြည်မှုရှိလာတယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ ကာဆက်ကီနာရဲ့ စပေးဘောတွေကို ဘယ်လိုမှမထိန်းနိုင်ခဲ့ပါဘူး။ အဆုံးအဖြတ်ပွဲစဉ်မှာတော့ ပြိုင်ဘက်ရဲ့ စပေးဘောတွေကို အကောင်းဆုံးထိန်းပြီး တုံ့ပြန်နိုင်ဖို့ ပြင်ဆင်ခဲ့ပါတယ်။ အကောင်းဆုံး လုပ်နိုင်ခဲ့ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL



# တံကောက်ကြောဒဏ်ရာပြင်းထန်နေသည့်အတွက် ဘရာဇီးအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အက်စတီဗာအို လွဲချော်ဖွယ်ရှိနေ

လန်ဒန် ဧပြီ ၂၃

ချဲလ်ဆီးအသင်းနှင့် ဘရာဇီးအသင်း လူငယ်တိုက်စစ်ကစားသမား အက်စတီဗာအိုသည် တံကောက်ကြောဒဏ်ရာပြင်းထန်နေသည့်အတွက် ဘရာဇီးအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုပါ လွဲချော်ရဖွယ်ရှိနေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အက်စတီဗာအိုသည် ဧပြီ ၁၉ ရက်က မန်ယူအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၁၆ မိနစ်၌ မန်ယူအသင်းမှ လုရှောခ်နှင့် ဘောလုံးယှဉ်လုစဉ် တံကောက်ကြော ဒဏ်ရာရရှိခဲ့ပြီးနောက် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

အစောပိုင်းက အက်စတီဗာအိုအနေဖြင့် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တနှစ်ပတ်ခန့် အနားယူရဖွယ် ရှိနေသည်ဟု ခန့်မှန်းထားသော်လည်း ချဲလ်ဆီးအသင်းဆေးအဖွဲ့က ၎င်း၏ဒဏ်ရာနှင့် ပတ်သက်ပြီး အသေးစိတ်ဆေးစစ်မှုများ လုပ်ဆောင်ခဲ့ရာ ဒဏ်ရာမှာ ပြင်းထန်နေပြီး ကာလရှည်အနား ယူရနိုင်သည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

အက်စတီဗာအိုသည် ဘရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီ ရွေးချယ်ထားသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းကစားသမားစာရင်း၌ ပါဝင်နေသူဖြစ်ပြီး ယခုအခါ ဒဏ်ရာကြောင့် ပါဝင်နိုင်ရန် မသေချာသည့် အခြေအနေများကြောင့် နည်းပြ အန်ဆယ်လော့တီက ၎င်း၏နေရာတွင် ကစားသမားတစ်ဦး ပြောင်းလဲရွေးချယ် ရန်စီစဉ်နေကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# ရန်ကုန်ယူနိုက်တက်အသင်းက နည်းပြသစ်အဖြစ် ဂျူအန်မာဆယ်လိုကို ခန့်အပ်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်ယူနိုက်တက် အသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် အာဂျင်တီးနားနိုင်ငံသား နည်းပြ ဂျူအန်မာဆယ်လိုကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက နည်းပြတက်ဆူရိုကူအီနှင့် လမ်းခွဲခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ဂျူအန်မာဆယ်လိုကို လာမည့်နှစ် ဘောလုံးရာသီသစ်အတွက် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ တက်ဆူရိုကူအီသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ရာသီဝက်မှ စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၁၁ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂျူအန်မာဆယ်လိုသည် နည်းပြဘဝတွင် အာဂျင်တီးနားယူ-၁၅အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးပြီး အာဂျင်တီးနား၊ အင်ဒိုနီးရှား၊ အီကွေဒေါ၊ ဘိုလီးဗီးယားနိုင်ငံတို့မှ ကလပ်အသင်းများကိုလည်း တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

ထို့ပြင် နည်းပြ ဂျူအန်မာဆယ်လိုသည် ကစားသမားဘဝတွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် ဇေယျာရွှေမြေအသင်းတွင် ကစားခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။ STA

# ဘာစီလိုနာအသင်းက ယခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘယ်ဒီနှင့် ခွန်ဒီတို့မှ တစ်ဦးကို ရောင်းချရန် ဆုံးဖြတ်ထား

ဘာစီလိုနာ ဧပြီ ၂၃

ဘာစီလိုနာအသင်းက ယခုနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းခံစစ်ပိုင်းက ဘယ်ဒီသို့မဟုတ်ခွန်ဒီတို့မှ တစ်ဦးကို ရောင်းချရန် ဆုံးဖြတ်ထားကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်ဒီသည် ဘာစီလိုနာအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၁ ခုနှစ်က အသင်းတွင် စတင်ပါဝင်ခဲ့ကာ အစောပိုင်းနှစ်များက အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသည့်အတွက် ဘာစီလိုနာအသင်းက ယခုနှစ်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် စီစဉ်နေခြင်းဖြစ်သည်။

အလားတူ ခွန်ဒီသည်လည်း ၂၀၂၂ ခုနှစ်က ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက ခြေစွမ်းပြသခဲ့ကာ အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းကျဆင်းနေမှုများကြောင့် ပြန်လည်ရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက လက်ရှိတွင် ဘယ်ဒီနှင့် ခွန်ဒီတို့မှ မည်သူ့ကို ရောင်းချမည်ကို အတည်ပြုထားခြင်း မရှိသေးသော်လည်း ၎င်းတို့နှစ်ဦးမှ တစ်ဦးကို ရောင်းချမည်ဆိုပါက ပရီးမီးယားလိဂ်ကလပ် အသင်းများက အပြိုင်ခေါ်ယူဖွယ်ရှိနေကြောင်း သိရသည်။



Ref : Fotmob

Trs : STA

# ဧပြီလအတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့အဆင့်(၅၅)နေရာ၌ ရပ်တည်



ရန်ကုန် ဧပြီ ၂၃

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဧပြီလအတွက် လက်ရွေးစင် အမျိုးသမီးအသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်ကို ထုတ်ပြန်ခဲ့ရာ မြန်မာအမျိုးသမီးအသင်းသည် ကမ္ဘာ့အဆင့်(၅၅) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဧပြီလအတွက် လက်ရွေးစင် အမျိုးသမီးအသင်းများ ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှ အာဆီယံဒေသတွင်းအသင်းများတွင် ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်း၊ လာအိုအသင်းတို့မှာ အဆင့်မြင့်တက်မှုများရှိခဲ့ပြီး ဗီယက်နမ်အသင်း၊ မြန်မာအသင်း၊ မလေးရှားအသင်း၊ အင်ဒိုနီးရှားအသင်းတို့မှာ အဆင့်များ အသီးသီးကျဆင်းခဲ့ကာ အပြောင်းအလဲများရှိခဲ့သည်။

ဧပြီလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးအသင်းသည် ရမှတ် ၁၄၇၀ မှတ်ဖြင့် တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၅၅) နေရာဖြင့် အာဆီယံအဆင့်(၄) နေရာတွင် ရပ်တည်ခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဧပြီလအတွက် လက်ရွေးစင် အမျိုးသမီးအသင်းများ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှ အာဆီယံဇုန်တွင် ဗီယက်နမ်အသင်းက တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၃၇)ဖြင့် အာဆီယံအဆင့်(၁)၊ ဖိလစ်ပိုင်အသင်းက နှစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၃၉)ဖြင့် အာဆီယံအဆင့် (၂)၊ ထိုင်းအသင်းက သုံးဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၅၀)ဖြင့် အာဆီယံအဆင့်(၃)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၅၅)ဖြင့် အာဆီယံအဆင့်(၄)၊ မလေးရှားအသင်းက တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့် (၈၂)ဖြင့် အာဆီယံအဆင့်(၅)၊ အင်ဒိုနီးရှားအသင်းက တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၁၀၆)ဖြင့် အာဆီယံအဆင့်(၆)၊ လာအိုအသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁၁၃)ဖြင့် အာဆီယံအဆင့် (၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၁၇)ဖြင့် အာဆီယံအဆင့်(၈)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၅၂)ဖြင့် အာဆီယံအဆင့်(၉)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၁၅၇)ဖြင့် အာဆီယံအဆင့်(၁၀) နေရာတွင် ရပ်တည်နေပြီး ဘရူနိုင်းအသင်းအနေဖြင့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ဝင်ရောက်ခြင်း မရှိသေးကြောင်း သိရသည်။

STA

# Zurich Classic of New Orleans ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရှိန်းလော်ရီက ကို့ပ်ကာနှင့် တွဲဖက်ကာ ဝင်ရောက်ယှဉ်ပြိုင်မည်

လူဝစ်စီးယားနား ဧပြီ ၂၃

အမေရိကန်နိုင်ငံ လူဝစ်စီးယားနားပြည်နယ်တွင် ကျင်းပမည့် Zurich Classic Of New Orleans ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီက အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကို့ပ်ကာနှင့် တွဲဖက်ကာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Deadspin သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

Zurich Classic Of New Orleans ဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်ယောက်တွဲ ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ရှိန်းလော်ရီသည် နှစ်စဉ်နှစ်တိုင်း မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရှိုင်းနှင့် တွဲဖက်ကာ ဝင်ရောက်ယှဉ်ပြိုင်လေ့ရှိသော်လည်း မက်အီရှိုင်းက ယခုနှစ် Zurich Classic Of New Orleans ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် မဟုတ်သည့်အတွက် ရှိန်းလော်ရီက ကို့ပ်ကာနှင့်တွဲဖက်ကာ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ရှိန်းလော်ရီက "ကျွန်တော့်အနေနဲ့ ကို့ပ်ကာနဲ့ သိလာတာ တော်တော်ကြာပါပြီ။ European Tour ပြိုင်ပွဲတွေမှာလဲ သူနဲ့ မကြာခဏဆုံဖြစ်ပါတယ်။ သူနဲ့တွဲဖက်ပြီး ပြိုင်ပွဲဝင်ဖို့ သူ့ရဲ့ကက်ဒီနဲ့ကျွန်တော် ဖုန်းပြောဖြစ်ခဲ့ပါတယ်။ နောက်တော့ ကျွန်တော်ကပဲ သူ့ဖုန်းကို ငါတို့ အတူတူတွဲဖက်ပြီးတော့ ပြိုင်ပွဲဝင်မလားလို့ စာပို့လိုက်တော့ သူက ချက်ချင်းပဲ လုပ်ကြတာပေါ့လို့စာပြန်ခဲ့တယ်။ ဒီလိုနဲ့ သူနဲ့တွဲဖက်ပြီး ယှဉ်ပြိုင် သွားဖို့ ဖြစ်လာခဲ့တာပါ" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin
Trs : AZL

# ချဲလ်ဆီးအသင်းက နည်းပြရိုစီနီယာကို ထုတ်ပယ်၍ အသင်းလက်ထောက်နည်းပြ မက်ဖာလန်းကို ယာယီနည်းပြအဖြစ်ခန့်အပ်

လန်ဒန် ဧပြီ ၂၃

ချဲလ်ဆီးအသင်းသည် ဘရိုက်တန်အသင်းကို သုံးဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ ရိုစီနီယာကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး အသင်းလက်ထောက်နည်းပြ မက်ဖာလန်းကို ယခုနှစ် ဘောလုံးရာသီအကုန်ထိ ယာယီနည်းပြအဖြစ် ခန့်အပ်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြရိုစီနီယာသည် ယခုနှစ် ဇန်နဝါရီလက နည်းပြဟောင်း မာရက်စ်ကာ၏ နေရာတွင် အစားထိုးတာဝန်ယူကာ ငါးနှစ်ခွဲ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် လေးလ အကြာတွင် ချဲလ်ဆီးအသင်းကို တိုးတက်မှုရရှိအောင် လုပ်ဆောင်နိုင်ခြင်းမရှိသဖြင့် အသင်းပရိသတ်များနှင့် ကစားသမားများက ၎င်း၏ နည်းစနစ်ပိုင်းကို သဘောကျခြင်း မရှိတော့ဘဲ ဆန္ဒဖော်ထုတ်မှုများ ရှိလာသောကြောင့် အသင်းတာဝန်ရှိသူများက နည်းပြရိုစီနီယာကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်း ပူးတွဲအသင်း ပိုင်ရှင်အက်ဘာလီက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက နည်းပြ ရိုစီနီယာကို အချိန်ပေးရန်လိုအပ်ပြီး ဆက်လက်ထောက်ခံကြောင်း ပြောကြားခဲ့သော်လည်း အသင်းအနေဖြင့် မန်ယူအသင်းကို တစ်ဂိုးဂိုးမရှိ၊ ဘရိုက်တန်အသင်းကို သုံးဂိုးဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် နည်းပြ ရိုစီနီယာကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အသင်းတာဝန်ရှိသူများက နည်းပြသစ် ချက်ချင်း ခန့်အပ်ရန် မစီစဉ်တော့ဘဲ အသင်းလက်ထောက်နည်းပြ မက်ဖာလန်းကိုသာ ယခုနှစ်ဘောလုံးရာသီကုန်ထိ တာဝန်ယူကိုင်တွယ်ရန် ခန့်အပ် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML



## အက်ဖ်အေဖလားဆီမီးဖိုင်နယ်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**မန်စီးတီး Vs ဆောက်သမ်တန်**

ကစားမည့်ရက်/အချိန် ၂၅-၄-၂၀၂၆ (ည ၁၀:၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆောက်သမ်တန် ၀ - ၀ မန်စီးတီး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဆောက်သမ်တန် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

မန်စီးတီးအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာ ရှိနေလို့ ဆောက်သမ်တန်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာပါ။ ဆောက်သမ်တန်အသင်းအတွက်ကတော့ မန်စီးတီးအသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့အတွက်ခက်ခဲနေမှာပါ။ ဒါ့ကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ အနိုင်ရယူပြီး ဗိုလ်လုပွဲတက်ရောက်သွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်- မန်စီးတီး ၂ - ၀ ဆောက်သမ်တန်

## စပိန်လာလီဂါပွဲစဉ်(၃၂) ပွဲကြိုသုံးသပ်ချက်

STA

**ဂီတာဖေး Vs ဘာစီလိုနာ**

ကစားမည့်ရက်/အချိန် ၂၅-၄-၂၀၂၆ (ည ၀၈:၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘာစီလိုနာ ၃ - ၀ ဂီတာဖေး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ဘာစီလိုနာ | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

ဂီတာဖေးအသင်းဟာ ဥရောပဝင်ခွင့်တစ်နေရာအတွက် ရမှတ်လိုအပ်ချက်ရှိနေတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက ဘာစီလိုနာအသင်းဖြစ်နေလို့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့ခက်ခဲနေမှာပါ။ ဘာစီလိုနာအသင်းကလဲ ချန်ပီယံဆုအတွက်ရမှတ်လိုအပ်ချက်ရှိနေလို့ အဝေးကွင်းမှာရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲအနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- ဂီတာဖေး ၁ - ၂ ဘာစီလိုနာ

## ပရီးမီးယားလိဂ်ပွဲစဉ်(၃၄) ပွဲကြိုသုံးသပ်ချက်များ

ML

**လီဗာပူး Vs ပဲလေ့စ်**

ကစားမည့်ရက်/အချိန် ၂၅-၄-၂၀၂၆ (ည ၀၈:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဗာပူး ၀ - ၃ ပဲလေ့စ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ပဲလေ့စ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(သရေ) |

ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ ကြိုးစားနေတဲ့ လီဗာပူးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲ အိမ်ကွင်းသုံးပွဲဆက်မှာ ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းကောင်းမွန်နေတာဖြစ်ပါတယ်။ ပဲလေ့စ်အသင်းကတော့ အိမ်ကွင်းခြေစွမ်းကောင်းပေမဲ့ အဝေးကွင်းကစားပုံကတော့ အသင်းကြီးတွေနဲ့ဆို ဂိုးပေးရလေ့ရှိတာကြောင့် အခုပွဲစဉ်မှာ တိုက်စစ်မြင့်ကစားလာမဲ့ အိမ်ရှင်လီဗာပူးအသင်းပဲ နိုင်ပွဲရသွားမှာပါ။

ခန့်မှန်းရလဒ်- လီဗာပူး ၃ - ၁ ပဲလေ့စ်

**အာဆင်နယ် Vs နယူးကာဆယ်**

ကစားမည့်ရက်/အချိန် ၂၅-၄-၂၀၂၆ (ည ၁၁:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နယူးကာဆယ် ၁ - ၂ အာဆင်နယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | - | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| နယူးကာဆယ် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

အာဆင်နယ်အသင်းဟာ မန်စီးတီးအသင်းကိုရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်းမှာအမှတ်ပေးဇယားဦးဆောင်နေရာက ဆင်းပေးလိုက်ရတာကြောင့် ဆုဖလားကိုစိန်ခေါ်နိုင်ဖို့ဆိုရင် အခုပွဲစဉ်ကို နိုင်ပွဲရမှာဖြစ်မှာပါ။ နယူးကာဆယ်အသင်းကတော့ အသင်းလိုက်ကစားအားကျဆင်းနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲသုံးပွဲဆက် နိုင်ပွဲမရခဲ့ပါဘူး။ ဒါ့ကြောင့် အိမ်ကွင်းမှာ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမဲ့ အာဆင်နယ်အသင်းကပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- အာဆင်နယ် ၂ - ၁ နယူးကာဆယ်

ခရီးသွားဆောင်းပါး

# ပင်လယ်ကမ်းက ငါးခြောက်တန်းများ

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဟိုင်းကြီးကျွန်းမြို့နယ်နဲ့ လပွတ္တာမြို့နယ်အစပ် ဘင်္ဂလားပင်လယ်အော်ကမ်းခြေမှာရှိနေကြတဲ့ ထိပ်စွန်း၊ ရှင်စောပုစေတီတော်၊ ကျောက်မှိုပွင့်ကြီးတွေ၊ ကျောက်ခွက်ကလေးတွေ၊ ကမ်းခြေရေစီးကြောင်းကလေးတွေ၊ ပင်လယ်ပြင်ကြီးရဲ့အလှတွေ၊ သဘာဝတွေကို လေ့လာကြည့်ရှုခံစားခဲ့ကြပြီး နေ့လယ်စာ စားသောက်ကြဖို့အတွက် စားသောက်ဆိုင်ကြီးတစ်ဆိုင်ကို ရောက်ရှိနေကြပါပြီ။ ဆိုင်ကြီးက ပင်လယ်ကမ်းခြေမှာပါ။ စားသောက်ဆိုင်ကနေ ပင်လယ်ပြင်ကြီးနဲ့အတူ မြောက်မြားလှတဲ့ ငါးဖမ်းစက်လှေအမျိုးမျိုး အထွေထွေတွေကို လှမ်းမျှော်မြင်တွေ့နေကြရတယ်။ မြန်မာ့ပင်လယ်ပြင် ကမ်းရိုးတန်းတစ်လျှောက်က တစ်နေ့တာ ဖမ်းဆီးရရှိခဲ့ကြတဲ့ ငါး၊ ပုစွန်တွေကို လတ်လတ်ဆတ်ဆတ်အဖြစ်နဲ့ နေ့စဉ်စားသုံးလို့ မကုန်နိုင်ကြဘဲ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်တွေအဖြစ် ပြောင်းလဲပြီး နှစ်ရှည်လများ စားသောက်သုံးစွဲလို့ရတဲ့အထိ ငါးတွေ၊ ပုစွန်တွေ၊ ပင်လယ်ရေထွက်ပစ္စည်းတွေက ပေါများကြွယ်ဝလွန်းလှပါတယ်။

နေ့လယ်စာအတွက် မိမိတို့စားသောက်ကြဖို့ ဟင်းလျာတွေကို နယ်ခံမိတ်ဆွေ ငါးပုစွန်ဒိုင်ပိုင်ရှင် ကိုအောင်စိုးရဲ့ ကြိုတင်စီစဉ်ထားမှုကြောင့် မကြာခင် အချိန်အတွင်းမှာ ဟင်းပွဲတွေတစ်ပွဲပြီးတစ်ပွဲရောက်ရှိလာကြတယ်။ ဟင်းပွဲတွေအထဲမှာ ကြက်၊ ဝက်၊ ဆိတ်စတဲ့ ကုန်းသတ္တဝါတွေမပါဝင်ဘဲ ရေဘဝဲ၊ ပြည်ကြီးငါး၊ ပုစွန်တုပ်ကြီး၊ ခုံးကောင်၊ ခရုနဲ့ငါးကြီးတွေသာပါဝင်နေတယ်။ ပုစွန်အစိမ်းသုပ်၊ ရေဘဝဲ၊ ပြည်ကြီးငါး၊ ခုံးကောင်နဲ့ခရုတွေကို အကြော်တစ်မျိုး၊ အသုပ်တစ်မျိုး၊ အရွယ်အစားတစ်ပေကျော်လောက်ရှိပြီး ဒေသအခေါ်သွားသုံးချောင်းငါးကို ကြော်ချက်ပြုလုပ်ပေးထားတယ်။ ပါးစပ်ဝမှာ သွားသုံးချောင်းကို ထင်ထင်ရှားရှားမြင်တွေ့နေရတဲ့ ငါးတစ်မျိုးပါ။ သွားသုံးချောင်းငါးက ပင်လယ်ရေနင်ငါးပီပီ လေးလေးပင်ပင်ချိုပြီး စားလို့ကောင်းနေတယ်။ ထမင်းထက်ဟင်းတွေကို ပိုမိုစားသောက်ကြပေမဲ့ စားသောက်လို့မကုန်နိုင်တော့လို့ ဖော့ဘူးတွေနဲ့ ထုပ်ပိုးယူလာခဲ့ကြရတယ်။

နေ့လယ်စာ ထမင်းစားပြီးကြတာနဲ့ ကိုအောင်စိုးရဲ့ငါးပုစွန်အဝယ်ဒိုင်ကို သွားရောက်လေ့လာကြဖို့ ထွက်လာခဲ့ကြတယ်။ ဒေသတွင်းမှာတည်ရှိနေကြတဲ့ ကျေးရွာတွေနဲ့ စီးပွားရေးလုပ်ငန်းအများစုတွေက ပင်လယ်ပြင်ကြီးကို မှီခိုအားကိုးအားထားပြုနေကြရတဲ့အတိုင်း ငါး၊ ပုစွန်အဝယ်ဒိုင်တွေကလဲ ပင်လယ်ကမ်းအနီးမှာတည်ရှိနေကြတယ်။ အဝယ်ဒိုင်ကနေ ပင်လယ်ပြင်ကြီးကို မြင်တွေ့နေရတယ်။ ဒ့ါပြင် အဝယ်ဒိုင်နဲ့ ပင်လယ်ပြင်ကြီးကြားမှာ ကျယ်ပြန့်တဲ့သဲသောင်ပြင်ကြီးတွေလဲရှိနေကြတယ်။ အဲဒီသဲသောင်ပြင်ကြီးတွေမှာ အခြောက်လှန်းထားတဲ့ငါးတွေ၊ ပုစွန်တွေကို ဝါးလုံး၊ ဝါးကပ်စင်ကြီးတွေနဲ့ အမြောက်အမြားတွေ့မြင်နေရတယ်။ ငါးတွေ၊ ပုစွန်တွေရဲ့အရွယ်အစား၊ အမျိုးအမည်တွေကလဲ အများအပြားပါ။ အခြောက်လှန်းထားတဲ့ငါးတွေကတော့ ကမ်းခြေသဲသောင်ပြင်တစ်လျှောက်လုံးမှာ မျက်စိတစ်ဆုံးအမြောက်အမြားပါ။

အခြောက်လှန်းထားတဲ့ ငါးမျိုးစုံတွေအပြင် ပုစွန်မျိုးစုံတွေလဲရှိနေကြတယ်။ ဒါပေမဲ့ မူလက လက်မလောက်၊ လက်ညှိုးလောက်ရှိနေတဲ့ ပုစွန်တွေက ပုစွန်ခြောက်အဖြစ်ရောက်ရှိလာတဲ့အခါ ခေါင်းတွေ၊ အမြီးတွေ၊ ကျောခွံတွေမပါတော့ဘဲ သေးသေးလေးတွေသာဖြစ်သွားကြတော့တယ်။ ဒါကြောင့် အလွန်သေးငယ်တဲ့ပုစွန်ဆိတ်လေးတွေကို ပုစွန်ခြောက်အဖြစ် ပြုလုပ်လို့မရနိုင်ဘဲ ငါးပိ၊ ငံပြာရည်အဖြစ် နဲ့သာပြုလုပ်နေကြရတယ်။ ငါးပိတွေ၊ ငံပြာရည်တွေဆိုတာ ပုစွန်လေးတွေကနေ ရရှိကြတာဖြစ်ကြောင်း ဗဟုသုတအဖြစ်သိရှိလိုက်ရတယ်။ ဒ့ါပြင် ပုစွန်ခြောက်တွေက ဘာကြောင့် ဈေးကောင်းနေတယ်ဆိုတာကိုလဲ ထပ်မံတွေးတောသိရှိလိုက်ရတယ်။ ကမ်းခြေတစ်လျှောက် သဲသောင်ပြင်တွေမှာ အခြောက်လှန်းထားတဲ့ ငါးတွေ၊ ပုစွန်တွေ အလွန်များပြားနေကြပေမဲ့ ထိန်းသိမ်းစောင့်ကြည့်နေကြတဲ့ ပိုင်ရှင်တွေမရှိ၊ ခွေးတွေ၊ ကျီးတွေ၊ ငှက်တွေက လာရောက်ဆွဲယူစားသောက်မှုမရှိ၊ ယင်ကောင်တွေ ရစ်ဝဲအုံခဲနေတာမျိုးတွေမရှိတာကလဲ အံ့သြစရာကောင်းနေတယ်။ ဒါပေမဲ့ အခြောက်လှန်းထားတဲ့



ပင်လယ်ကမ်းစပ်၌ ငါးခြောက်များလှန်းထားမှုကို တွေ့ရစဉ်။

ကမ်းခြေအနီးကိုမရောက်ခင် အဝေးတစ်နေရာကတည်းက ငါးခြောက်နံ့၊ ပုစွန်ခြောက်နံ့၊ ငါးပိနံ့တွေကို ရရှိခံစားနေကြရတာပါ။ သဲသောင်ပြင်တစ်လျှောက် အခြောက်လှန်းထားတဲ့ ငါးတွေ၊ ပုစွန်တွေကို သေသေချာချာ စေ့စေ့စုံစုံ တစ်နေရာချင်းဆီ လိုက်လံလေ့လာကြည့်ရှုချင်ပေမဲ့ ပူပြင်းလှတဲ့နေဒဏ်ကြောင့် အားလုံးကို မကြည့်ရှုနိုင်ကြတောဘဲ ငါး၊ ပုစွန်ဒိုင်အတွင်း အရိပ်ထဲကို မြန်မြန်ဆန်ဆန် ပြန်လည်ဝင်ရောက်လာခဲ့ကြရတယ်။

ဒိုင်အတွင်း အမိုး၊ အကာတွေနဲ့အရိပ်ထဲကို ရောက်တဲ့အခါမှ တစ်ခဏတာ နားရင်း၊ စကားပြောရင်းနဲ့ဝယ်ယူထားတဲ့ ငါး၊ ပုစွန်တွေကို လေ့လာကြရတယ်။ ငါး၊ပုစွန်တွေက သူ့အမျိုးအစားနဲ့သူ ပလတ်စတစ်ကန်ကြီးတွေနဲ့ အများအပြားပါ။ ပလတ်စတစ်ကန်ကြီးတွေအထဲမှာ သက်ဆိုင်ရာ ငါး၊ ပုစွန်တစ်ထပ်၊ ရေခဲတစ်ထပ်နဲ့ အထပ်ထပ်သပ်သပ်ရပ်ရပ် သိုလှောင်သိမ်းဆည်းထားတာကို တွေ့မြင်နေရတယ်။ ဒီငါး၊ ပုစွန်တွေကို ရန်ကုန်မြို့အထိ ပြန်လည်တင်ပို့ရောင်းချနေတာဖြစ်ပြီး နေ့စဉ်တင်ပို့နေရတာမျိုးမဟုတ်ဘဲ နှစ်ရက်ခြား၊ သုံးရက်ခြား အလျဉ်းသင့်သလို ငါး၊ ပုစွန်တွေဝယ်ယူရရှိမှုအပေါ်မူတည်နေကြောင်း ဆိုင်ပိုင်ရှင် ကိုအောင်စိုးက ရှင်းပြနေတယ်။ ဒ့ါပြင် ငါး၊ ပုစွန်တစ်ကန်ချင်းကို ဖွင့်လှစ်ပြသပြီး အမျိုးအမည်တွေနဲ့အတူ ဈေးနှုန်းတွေ၊ ဝယ်ယူစားသုံးကြသူတွေရဲ့အခြေအနေတွေ၊ သိုလှောင်သိမ်းဆည်းရောင်းချရမှုတွေကို ထပ်မံရှင်းပြပေးပါတယ်။

အဝယ်ဒိုင်ကို မိမိတို့ရောက်ရှိလာတဲ့အချိန်က နေ့လယ်စာ ထမင်းစားပြီးချိန် မွန်းလွဲ(၁)နာရီကျော်၊ (၂)နာရီဝန်းကျင်ဖြစ်နေတာကြောင့် ပင်လယ်ထဲကို ငါးဖမ်းထွက်သွားကြတဲ့ ငါးဖမ်းလှေတွေ ပြန်လည် ကမ်းကပ်ဝင်ရောက်လာမှုမရှိသေးသလို အဝယ်ဒိုင်ရှိရာကို လာရောက်ရောင်းချနေကြသူတွေလဲ မရှိသေးပါဘူး။ ငါးဖမ်းလှေတွေက ညနေစောင်းမှပြန်လည်ဝင်ရောက်လာကြပြီး အဝယ်ဒိုင်တွေမှာ အရောင်းအဝယ်ပြုလုပ်ကြတယ်။ ဒါကြောင့် ညနေပိုင်းအချိန်ရောက်မှ အဝယ်ဒိုင်တွေနဲ့ ပတ်ဝန်းကျင်နေရာတွေမှာ စက်လှေသမားတွေ၊ ရေလုပ်သားတွေ၊ ရောင်းသူဝယ်သူတွေ၊ မိသားစုဝင်တွေ၊ အခြားဈေးသည်တွေ၊ ဈေးတန်းလေးတွေနဲ့ စည်စည်ကားကားဖြစ်နေတတ်တယ်။

အဝယ်ဒိုင်ပတ်ဝန်းကျင်မှာရှိနေကြတဲ့ အခြားဈေးသည်လေးတွေ၊ ဈေးတန်းလေးတွေဆိုတာက ငါး၊ ပုစွန်တွေနဲ့ ဘယ်လိုမှမပတ်သတ်တဲ့ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းကြော်၊ ဝက်သားတုတ်ထိုး၊ အကင်စုံ၊ အကြော်စုံ၊ မုန့်တီ၊ မုန့်ဟင်းခါး၊ ကြာဆံဟင်းခါး၊ အာပူလျှာပူ (ရခိုင်မုန့်တီ) စတဲ့ ဆိုင်လေးတွေ၊ ဆိုင်တန်းလေးတွေပါ။ ဒီဆိုင်လေးတွေက ညနေမစောင်းခင်ကတည်းက အဝယ်ဒိုင်တွေ ဝန်းကျင်မှာ လာရောက်တည်ခင်းရောင်းချနေတတ်ကြသလို တံငါသည်တွေ၊ ရေလုပ်သားတွေ၊ စက်လှေသမားတွေရဲ့ မိသားစုဝင်တွေကလဲ ညနေစောင်းငါးဖမ်းစက်လှေတွေ ဝင်ရောက်ဆိုက်ကပ်လာချိန်ကို ရောက်တာနဲ့ အဝယ်ဒိုင်တွေအနီး၊ ဈေးဆိုင်လေးတွေအနားမှာ လာရောက်စောင့်ဆိုင်းနေတတ်ကြတယ်။ ငါးဖမ်းစက်လှေတွေက ပင်လယ်ထဲကနေ ဖမ်းဆီးရရှိလာတဲ့ ငါး၊ ပုစွန်တွေကို အဝယ်ဒိုင်တွေမှာ ရောင်းချပြီးတာနဲ့ အသင့်လာရောက်စောင့်ဆိုင်းနေကြတဲ့ မိသားစုဝင်တွေဖြစ်တဲ့ မိဘ၊ မောင်နှမ၊ ဇနီးမယား၊ သားသမီးတွေနဲ့အတူ ဈေးဆိုင်လေးတွေမှာ ညနေစာအဖြစ် ပျော်ပျော်ပါးပါးဝယ်ယူစားသောက်လေ့ရှိကြတယ်။ ဒါတွေက သူတို့ရဲ့နေ့စဉ်ဘဝလုပ်ရိုးလုပ်စဉ်တွေပါ။ အသင့်လာရောက်စောင့်ဆိုင်းနေတဲ့ မိသားစုဝင်တွေက သူတို့ရဲ့ငါးဖမ်းသမားတွေ၊ ရေလုပ်သားတွေ၊ ငါးဖမ်းလှေတွေက ငါးတွေ၊ ပုစွန်တွေအများအပြားရရှိလာကြပြီး ငါးဖိုးငွေ၊ ပုစွန်ဖိုးငွေတွေရတဲ့အခါ ဝမ်းသာမဆုံးတပြုံးပြုံးနဲ့ ဆိုင်လေးတွေမှာ စုစုရုံးရုံးဝယ်ယူစားသောက်ကြလေ့ရှိနေကြပေမဲ့ တစ်ခါတစ်ရံ အကြောင်းအမျိုးမျိုးတွေကြောင့် ငါး၊ ပုစွန်တွေဖမ်းဆီးရမိခြင်းမရှိတဲ့နေ့ရက်တွေမှာ မျှော်လင့်ချက်တွေပျောက်ဆုံးပြီး မျက်နှာလေးတွေ ညှိုးညှိုးငယ်ငယ်နဲ့ အိမ်ကိုပြန်ကြရတာမျိုးတွေလဲ ရှိနေတတ်ပါတယ်။ ဒီလိုနေ့ရက်မျိုးတွေကတော့ သူတို့အတွက် စိတ်မကောင်း၊ ဝမ်းနည်းစရာတွေပါ။ ဒါမျိုးနေ့ရက်တွေကလဲ မကြာမကြာရှိနေတတ်ပါတယ်။ ပင်လယ်ထဲကို ငါးဖမ်းထွက်သွားတယ်ဆိုတိုင်း ငါးတွေ၊ ပုစွန်တွေရရှိလာကြတာမဟုတ်ပါဘူး။

ငါး၊ ပုစွန်အဝယ်ဒိုင်မှာ လေ့လာကြည့်ရှုရတာ ဗဟုသုတ၊ အသိအမြင်၊ အတွေ့အကြုံတွေရရှိလာကြသလို စိတ်ဝင်စားစရာတွေလဲရှိနေပါတယ်။ ဆိုင်ပိုင်ရှင်မိတ်ဆွေ ကိုစိုးအောင်က တည်းခိုအိမ်ကို ရောက်ရင်ချက်ပြုတ်စားသောက်ကြဖို့အတွက် ငါး၊ ပုစွန်တွေနဲ့ပင်လယ်သတ္တဝါမျိုးစုံကို ရေခဲပုံးတွေနဲ့ ထည့်ပေးလိုက်တာကြောင့် ဒီတစ်ခေါက်ပင်လယ်ကမ်းခြေခရီးစဉ်မှာလဲ ပင်လယ်စာတွေကို ကောင်းကောင်းမွန်မွန် ဝဝလင်လင် စားသောက်ကြရအုံးမှာပါ။

ငါး၊ ပုစွန်ဒိုင်မှာ လေ့လာပြီးတာနဲ့ချောင်းဝရွာကို ပြန်လာခဲ့ကြတယ်။ ထိပ်စွန်းနဲ့ကျောက်မှိုပွင့်ကြီးတွေရှိတဲ့ ပြင်ခရိုင်ဒေသမှာ လေ့လာစရာရှိတာတွေအားလုံးကို လေ့လာကြည့်ရှုကြပြီးပြီမို့ ချောင်းဝရွာကနေတစ်ဆင့် စက်လှေစီးပြီး ဟိုင်းကြီးကျွန်းကို သွားရောက်ကြတော့မှာဖြစ်ပါတယ်။ ချောင်းဝရွာကို ရောက်တာနဲ့ မနက်ကစီးလာတဲ့စက်လှေက ဆိပ်ခံတံတားထိပ်မှာအဆင်သင့် စောင့်ကြိုနေတာကို တွေ့ရတယ်။ ဒါပေမဲ့ စက်လှေသမားက ချောင်းဝရွာမှာရှိတဲ့ကုန်ပစ္စည်းတွေကို ဟိုင်းကြီးကျွန်းကို ပို့ဆောင်ဖို့အတွက် တင်ယူလာခဲ့လို့ကြောင်း ခွင့်တောင်းတာနဲ့ညီဝမ်းကွဲဖြစ်သူနဲ့ပြောဆိုတိုင်ပင်ကြရတယ်။ အဓိကအားဖြင့် ပုသိမ်မြစ်ခေါ် ငဝန်မြစ်ပြင်ကျယ်ကြီးကို စက်လှေက ခုတ်မောင်းဖြတ်သန်းရမှာဖြစ်တာကြောင့် တင်ဆောင်လာတဲ့ဝန်နဲ့လူအင်အားနဲ့စက်လှေရဲ့ခံနိုင်ရည်နဲ့မျှတဖို့လိုအပ်နေပါတယ်။ ညီဝမ်းကွဲ ကိုဖိုးစိန်က တင်ဆောင်လာမဲ့ကုန်ပစ္စည်းနဲ့ဝန်အားကို ကြည့်ရှုခန့်မှန်းပြီး ဘာမှမဖြစ်ဘူးရတယ်၊ စက်လှေရဲ့ခံနိုင်ရည်အားရှိတယ်ဆိုတာနဲ့ ကုန်ပစ္စည်းတွေကို သယ်ဆောင်ခွင့်ပြုလိုက်တယ်။ ကုန်တွေကို သယ်ဆောင်ခွင့်ပြုလိုက်ပြီး စက်လှေသမားက ကုန်တွေကို တင်ဆောင်နေတဲ့အချိန်မှာ ချောင်းဝဆိပ်ခံတံတားမှာ ခဏတာကြည့်ရှုလေ့လာခွင့်ရရှိကြတယ်။ ဆိပ်ခံတံတားမှာ ဆိုက်ကပ်ထားကြတဲ့ လှေ၊ သင်္ဘောတွေက အကြီး၊ အငယ်၊ အလတ် အများအပြားပါ။ ဒါပေမဲ့ ပြည်တွင်းကမ်းရိုးတန်းတစ်လျှောက်မှာသာ အသုံးပြုသွားလာလှုပ်ရှားနေတဲ့ လှေ၊ သင်္ဘောတွေဖြစ်နေကြတယ်။ အများစုက ကုန်တင်ရေယာဉ်တွေနဲ့ ငါးဖမ်းစက်လှေတွေပါ။

ဒီလှေ၊ သင်္ဘောတွေ ကမ်းကပ်ရပ်နားနေရတဲ့ အကြောင်းရင်းက ကုန်တင်ကုန်ချတာတွေ၊ ဆီဖြည့်တာတွေ၊ ရေချိုနဲ့ငါး၊ပုစွန်တွေအတွက် ရေခဲတွေကို စောင့်ဆိုင်းတင်ဆောင်ကြရတာတွေဖြစ်ကြောင်း သိလိုက်ရတယ်။ ပင်လယ်ရေနင်တွေအတွင်းမှာ သွားလာလှုပ်ရှားနေကြရတဲ့ရေယာဉ်တွေအတွက် ရေချိုနဲ့ရေခဲတွေက အရေးကြီးလှပါတယ်။ လှေသင်္ဘောတွေအနီး ကွန်ကရစ်ဆိပ်ခံတံတားဝန်းကျင်မှာ ခုံးကောင်တွေနဲ့ငါးသားပေါက်လေးတွေကို အုပ်စုလိုက်တွေ့မြင်နေရတယ်။ ခုံးကောင်တွေကို ပင်လယ်ကမ်းစပ်တစ်လျှောက်ကနေ ဖမ်းဆီးရမိနေကြတာပါ။ အုပ်စုဖွဲ့သွားလာနေကြတဲ့ ငါးသားပေါက်ကလေးတွေကိုတော့ ဖမ်းဆီးခြင်းမပြုကြပါဘူး။ ဆိပ်ခံတံတားမှာ လေ့လာနေရင်းနဲ့ စက်လှေသမားက ကုန်ပစ္စည်းတွေတင်ပြီးကြောင်းနဲ့ လှေပေါ်ကို တက်လို့ရပြီဖြစ်ကြောင်း ပြောလာတာနဲ့စက်လှေပေါ်ကို တက်ခဲ့ကြပြီး မကြာခင်မှာ ဟိုင်းကြီးကျွန်းရှိရာကို ဆက်လက်ခရီးထွက်ခွာလာခဲ့ကြတယ်။ နေ့လယ်စာထမင်းစားသောက်ပြီးကြတာနဲ့ ပင်လယ်ကမ်းခြေမှာရှိတဲ့ ငါးခြောက်တန်းတွေကို လေ့လာကြည့်ရှုခဲ့ကြရတာက ဗဟုသုတရရှိစေခဲ့ပါတယ်။ အခုအချိန်မှာတော့ စက်လှေက ဟိုင်းကြီးကျွန်းကို စတင်ထွက်ခွာနေပါပြီ။

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ၅၅ ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



ယခင်နှစ်က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ညောင်ရေသွန်းနေစဉ်။

**ရန်ကုန် ဧပြီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် ၅၅ ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့်နေ့ (ဧပြီ ၃၀ ရက်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၏ ၅၅ ကြိမ်မြောက် ညောင်ရေသွန်းပွဲတော်ကို စေတီတော်ရင်ပြင်ရှိ မဟာဗောဓိညောင်ပင်တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

"အစီအစဉ်ကတော့ မနက်ပိုင်းမှာ စေတီတော်နဲ့ စေတီတော်ရင်ပြင်မှာရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို အရုဏ်ဆွမ်းဆက်ကပ်မှာဖြစ်ပါတယ်။ အဲဒီနောက်မှာ စေတီတော်ရဲ့ ဩဝါဒါစရိယဆရာတော်တွေနဲ့ ဗိုလ်တထောင်မြို့နယ်အတွင်း ကျောင်းတိုက်အသီးသီးက ဩဝါဒါစရိယ၊ ပဓာနနာယကဆရာတော် စုစုပေါင်း ၂၂ ပါးကို အရုဏ်ဆွမ်း ဆက်ကပ်ပါမယ်။ အရုဏ်ဆွမ်း ဆက်ကပ်ပြီးတာနဲ့ ကဆုန်ညောင်ရေသွန်း ပွဲတော်ကျင်းပမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ စေတနာရှင်၊ အလှူရှင်တွေရဲ့ စတုဒိသာ ကျွေးမွေး လှူဒါန်းမှုတွေလဲ ရှိမှာဖြစ်ပါတယ်"ဟု ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးအောင်ဆုက ပြောပြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၏ ၅၅ ကြိမ်မြောက် ညောင်ရေသွန်း ပွဲတော်တွင် ဘုရားဖူးလာပြည်သူများ နံနက် ၈ နာရီမှ ည ၈ နာရီထိ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန်အတွက် ဗိုလ်တထောင်စေတီတော်ရှိ ဗုဒ္ဓဝေယျာဝစ္စ အသင်းသူ၊ အသင်းသားများနှင့် စေတီတော်ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

ASH

# Bender ဟာသရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား ခရစ်အိုဒေါ ပါဝင်မည်ဖြစ်

**နယူးယောက် ဧပြီ ၂၃**

Bender အမည်ရှိ ဟာသရုပ်ရှင် ဇာတ်ကားသစ်၌ Emmy အက်ရှင် မင်းသား ခရစ်အိုဒေါ ပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း ဧပြီ ၂၂ ရက် သတင်းများအရ သိရသည်။

Bender ဇာတ်ကားတွင် မင်းသား ခရစ်အိုဒေါသည် ဟာသ မင်းသား ဘီအားနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် ၁၉၇၀ ပြည့်နှစ်ကာလ အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့ကို နောက်ခံထား ရိုက်ကူးမည့် ဟာသဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Bender ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အက်ဒရီယံကမ်နင်ဟမ်က ၎င်း၏ ဘဝအတွေ့အကြုံများကို အခြေခံရေးသားထားသည်။

Bender ဇာတ်ကားကို Pluri-tus ဒါရိုက်တာ အဒမ်ဘန်းစတိန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Bender ဇာတ်ကားရိုက်ကူး ထုတ်လုပ်မှုကို ယခုနှစ် နွေဦးရာသီအတွင်း အိုင်ယာလန်နိုင်ငံ၌ စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# ချမ်းသာကိုယ်စိတ်မြဲပါစေ ဇာတ်လမ်းကို မေလပထမပတ်တွင် bebeetv Application မှ ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဧပြီ ၂၃**

UG Entertainment က ရိုက်ကူးတင်ဆက်သည့် ချမ်းသာကိုယ်စိတ်မြဲပါစေ ဇာတ်လမ်းကို မေလပထမပတ်တွင် bebeetv Application မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ချမ်းသာကိုယ်စိတ်မြဲပါစေ ဇာတ်လမ်းကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ မိုးစက်(စံပြသဘင်) ထံမှ သိရသည်။

အဆိုပါ ချမ်းသာကိုယ်စိတ်မြဲပါစေ ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းကို မောင်စိတ္တ(နတ်တလင်း)က ခံစားရေးဖွဲ့ထားကာ မြလွှမ်းမိုးစွေက ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ မိုးစက်(စံပြသဘင်)က UG Entertainment အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကို အစအဆုံး နှစ်ခါပြန်ရိုက်ခဲ့ရတယ်။ ဒီဇာတ်လမ်းမှာ အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ ဒီဇာတ်လမ်းကို နာမည်ကြီး အနုပညာရှင်တွေ သိပ်မပါဘဲ ကြိုးစားချင်စိတ်ရှိတဲ့




ကျွန်တော့်အနုပညာ ညီအစ်ကို မောင်နှမတွေနဲ့ ဖန်တီးထားတယ် ဆိုရင်လဲမမှားပါဘူး။ ဇာတ်လမ်းတွဲလေးထွက်ရင် ဝေဖန်ကြည့်ရှုအားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် မိုးစက်က ပြောပြသည်။

အဆိုပါ ချမ်းသာကိုယ်စိတ်မြဲပါစေဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် မိုးစက်(စံပြသဘင်)၊ ဖွဲ့လရောင်၊ လင်းအောင်ပိုင်၊ အောင်ကျော်ရှိန်း၊ဖွဲ့ရတီ၊ ချမ်းချမ်းမိုး၊ ကံပွင့်(အရှုးပေါက်ကြီး)၊ နန်းသက်ဆွေ၊ ပြုံးချို၊ ပိုင်ပိုင်၊ ရှင်မင်းဟန်၊ ထက်မြက်ရွှေစင်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြကြောင်း သိရသည်။

ASH

# Ankle Snatcher ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဘင်လီယွန်ဘာ့က တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဧပြီ ၂၃**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Ankle Snatcher ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဘင်လီယွန်ဘာ့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း ဧပြီ ၂၂ ရက်သတင်းများအရ သိရသည်။

Ankle Snatcher ဇာတ်ကားသည် အမေရိကန်ထိတ်လန့်သည်းဖို စာရေးဆရာ ဂရက်ဒီဟန်းဒရစ်၏ ခေါင်းစဉ်အမည်တူ ဝတ္ထုတိုကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ဘင်လီယွန်ဘာ့က ဇာတ်ညွှန်းရေးဆရာ အဲလက်ကန်ဒွန်နှင့်အတူ ရေးသားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Ankle Snatcher ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

မူရင်းဝတ္ထု Ankle Snatcher သည် မိခင်ဖြစ်သူ အသတ်ခံရမှု ကြောင့် ကလေးဘဝကပင် မိခင်ဖြစ်သူ အသတ်ခံရမှုဖြစ်စဉ်၏ ခြောက်လှန့်မှုခံနေရသော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Ankle Snatcher ဇာတ်ကား၌ ပါဝင်မည့် သရုပ်ဆောင်များကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# Honeymoon with Harry ဇာတ်ကား၌ မင်းသမီး ရီတာအိုရာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဧပြီ ၂၃**

Amazon MGM စတူဒီယို၏ Honeymoon with Harry ဟာသ ဒရာမာဇာတ်ကား၌ မင်းသမီး ရီတာအိုရာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဧပြီ ၂၂ ရက် သတင်းများအရ သိရသည်။

Honeymoon with Harry ဇာတ်ကားတွင် မင်းသမီး ရီတာအိုရာသည် မင်းသားကြီး ဂျီဗင် ကော့စနာ၊ ဂျိုက်ဂျီလန်ဟေး၊ မင်းသမီး ဆာရာပစ်ဂျီယွန်တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၌ မင်းသမီး ရီတာအိုရာ သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို Amazon MGM က လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Honeymoon with Harry ဇာတ်ကားကို စာရေးဆရာ ဘတ်ဘေကာ၏ Honeymoon with Harry ဝတ္ထုကို အခြေခံ ရိုက်ကူးမည်ဖြစ်သည်။

Honeymoon with Harry ဇာတ်ကားကို ဒါရိုက်တာ ဂလန်းဖီကာရာနှင့် ဂျွန်ရီကွာတို့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဖိုဂဲမင်းက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ပြသမည့်ရက်တို့ကို Amazon MGMက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from Kengtung, Mongkhat and Mongyang stations at separate meetings


General Ye Win Oo meets Tatmadaw officers, other ranks and families.



**Nay Pyi Taw April 23**

Commander-in-Chief of Defence Services General Ye Win Oomet officers, other ranks and families from Kengtung Station at the Pyinyeinaye Hall of Triangle Region Command HQ yesterday afternoon and those from Mongkhat and Mongyang stations at Mongkhat Station this afternoon.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, senior military officers from Office of Commander-in-Chief and wives, and the Triangle Region Command commander.


General Ye Win Oo meets officers, other ranks and families from Kengtung.

In his speech, General Ye Win Oo pointed out the importance of observing the discipline, obeying the orders and adopting a systematic lifestyle for Tatmadaw members. He said commanding officers should follow a disciplined living style and should supervise and administer their subordinates in accord with discipline. Only then will the noble soldiers who win trust and respect of the people come out.

All the soldiers have the duty to maintain the honourable history of Tatmadaw. In order to shoulder the national defence, which is the main duty of Tatmadaw, it must have full combat capability and combat power. Soldiers must undergo training with precision and discipline in accord with the motto “Study, Practise, Comply”.

The Tatmadaw must be imbued with three capabilities that call for vigorious training to be healthy and fit, skillful, and courageous. Soldiers should use their military knowledge with the ability to apply them in the best way. They must improve the group-wise combat power by harmoniously combining their individual fighting capability. They must never lose sight of the changing military science and weapons to practically apply them in a battle, and through continuous training, they must become proficient forces on which the public can rely.

In any place and in any job, they must be systematic and have a perfect foundation. They must follow a systematic code of dressing and living style, as this factor is very supportive of the military capability. They must pay attention to the rules that cover from hairstyle to dress code. The saluting system must also be carried out according to the prescribed format to portray mutual respect between superiors and subordinates, obedienceand loyalty.

The administrative capability plays a vital role in the Tatmadaw and the three military capabilities as bad administration will weaken military capability and organizing capability. Weak administration will be followed by a weakness in unity. Good discipline is of vital importance for ensuring an excellent administration.

Regarding administration, he stated that it is a key factor for the success of operations, security, and training. He noted that Tatmadaw’soffice functions are maintained by the smooth operation of the three pillars: General Staff, Adjutant and Quartermaster. He emphasized the need to balance the tasks of these three branches while following military discipline, rules, orders, and instructions. He added that by handling administrative matters proficiently, the welfare of officers, other ranks, and their families can be effectively managed.

He also stated that since Tatmadaw is an organization governed by a tiered command structure, leadership is extremely important. He noted that the chain of reporting is vital within Tatmadaw, emphasizing the need to report accurately while balancing self-interest and the interests of others. He added that responsible officials at every level must take reports from their subordinates seriously and act upon them correctly.

Then, he stated that for internal unity within the units, leaders must provide correct leadership, which means acting in alignment with leadership characteristics. He noted that military personnel must live and conduct themselves in accordance with military discipline and avoid behaviors or actions that could harm individuals or the organization. He added that they must live with self-restraint to ensure that drinking and indulgence do not negatively affect their individual performance, their families, or the organization.

Later, he stated that Tatmadaw is constantly fulfilling the needs of military personnel and their families regarding accommodation, food, attire, healthcare, and other general requirements as much as possible, while providing appropriate rewards and necessary welfare matters. Furthermore, he urged them to successfully carry out unit-run and small-scale family agriculture and livestock breeding, noting that doing so will support the family’s livelihood and improve their well-being.

*See Page 13*

# Commander-in-Chief of Defence Services General Ye Win Oo, wife Daw Nilar visit officers, other ranks, families receiving treatment at local defence services hospital in Kengtung


General Ye Win Oo comforts a patient at the local military hospital in Kengtung.

**Nay Pyi Taw April 23**

Commander-in-Chief of Defence Services General Ye Win Oo, accompanied by his wife Daw Nilar, senior officers from the Office of the Commander-in-Chief of Defence Services and their wives visited officers, other ranks, families and members of the Myanmar Police Force and local people's militias receiving treatment at the local defence services hospital in Kengtung township yesterday evening.

First, the Commander-in-Chief of Defence Services and party arrived at the local defence services hospital and were greeted by the commandant and responsible officers.

Then, the Commander-in-Chief of Defence Services and party observed officers, other ranks, families and members of the MPF and local people's militias one by one and asked about their health conditions, treatments and improvements cordially before giving foodstuffs and cash rewards for them.

Similarly, the wife of the Commander-in-Chief of Defence Services and party went to maternal and child healthcare wards and spoke words of sympathy to patients before providing assistance and donations for the hospital.

Then, the Commander-in-Chief of Defence Services and party inspected the hospital and gave necessary instructions.

100

*From Page 12*

Therefore, he emphasized that responsible officials must systematically implement welfare matters for personnel and their families, adding that if administration and welfare are strong, morale will naturally follow suit.

Officers and other ranks must manage their income and expenses in a balanced and disciplined manner, while responsible officials should ensure that appropriate benefits are provided. In addition to practicing financial prudence and maintaining a balance between income and expenditure, officers, other ranks, and their families are required to adhere to established rules and regulations, avoiding unnecessary spending on activities such as entertainment and gambling.

The Tatmadaw is not only providing educational services for the children of military personnel but is also working to enhance the education of its personnel. As continuous support is being extended to improve education, relevant officials and parents must place greater emphasis on advancing the learning of both soldiers and their children, working collectively to ensure that all children of military personnel complete at least KG+9. Those who complete KG+9 should be given opportunities to pursue further studies at vocational institutions such as industrial training institutes, agricultural institutes, and livestock institutes, with responsible officials facilitating access to these pathways.

Military personnel are those who uphold the four oaths of allegiance, demonstrating loyalty to the state and the people. They are trained to carry out assigned duties and follow orders at all times, striving to ensure the military remains a reliable and trusted institution for the public. The Commander-in-Chief of Defence Services inquired into the needs of officers, other ranks, and their families, and coordinated with relevant authorities to address and fulfill those requirements.

The Commander-in-Chief of Defence Services then presented food supplies and gratuities for officers, other ranks, and their families at the military stations, with the regional commander and station commander receiving them on their behalf. The wife of the Commander-in-Chief of Defence Services also presented gratuities to the maternal and child welfare associations at the military station, which were accepted by the wives of the regional commander and the station commander, respectively.

After the meeting, the Commander-in-Chief of Defence Services, together with his wife and accompanying members, cordially greeted the families of the attending officers and other ranks.

In addition, the Commander-in-Chief of Defence Services and party inspected dairy cattle, beef cattle, DYL pigs, fish, layer and broiler chickens, Khaki Campbell ducks, and local poultry, as well as ongoing agricultural and livestock activities in the farming and livestock zone of the Triangle Region Command yesterday evening. They also provided necessary guidance based on reports submitted by the responsible officials. 100

# Stalled U.S.-Iran talks face more uncertainty amid fragile ceasefire

**Islamabad April 23**

U.S. President Donald Trump said Wednesday there is "no time frame" for ending the U.S.-Israeli war on Iran, stressing there was "no time pressure" on the extended ceasefire or pending peace talks.

He had initially said the war would last four to six weeks after it began on Feb. 28. Earlier on the same day, U.S. online media outlet Axios cited three U.S. officials that Trump may extend the ceasefire with Iran for three to five more days.

Just as the two-week truce that began on April 8 was nearing expiration, Trump on Tuesday extended the ceasefire "at Pakistan's request," but continued to blockade Iranian ports. Citing the blockade as a ceasefire violation, Iran refused to attend the talks, together with the cancellation of U.S. Vice President JD Vance's Pakistan visit, further shadowing the expectation on the fresh Iran-U.S. peace talks in Islamabad.

Pakistan, a main mediator between Washington and Tehran, had placed Islamabad under extraordinary security in anticipation of the much-awaited second round of peace talks. Thousands of police personnel, elite commandos and rooftop snipers were deployed across Islamabad and neighboring Rawalpindi, while major hotels were requisitioned for the expected delegations. Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ရေတပ်က လေဆာလက်နက်ကို လေယာဉ်တင်သင်္ဘောပေါ်တွင်တပ်ဆင်၍ ပစ်ခတ်စမ်းသပ်မှုပြုလုပ်ခဲ့



အမေရိကန်ရေတပ်သည် AeroVi-ronment ကုမ္ပဏီထုတ် LOCUST လေဆာလက်နက်ကို Nimitz အမျိုးအစား လေယာဉ်တင်သင်္ဘောပေါ်တွင် တပ်ဆင်၍ ကျည်စစ်၊ ကျည်မှန်ဖြင့် ပစ်ခတ်စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဧပြီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းကျည်စစ်၊ ကျည်မှန်ဖြင့် ပစ်ခတ်စမ်းသပ်မှုကို အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး LOCUST လေဆာလက်နက်ကို ကွန်တိန်နာအတွင်း ထည့်သွင်းထားသောပုံစံဖြင့် Nimitz အမျိုးအစား လေယာဉ်တင်သင်္ဘော၏ ပျံသန်းရေးကုန်းပတ်ပေါ်တွင် တပ်ဆင်ကာ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ခြင်းဖြစ်သည်။

LOCUST လေဆာလက်နက်ကို ကွန်တိန်နာအတွင်း ထည့်သွင်းထားသောပုံစံဖြင့် ပြုလုပ်ထားခြင်းကြောင့် သင်္ဘောများပေါ်တွင် လွယ်ကူလျင်မြန်စွာ တပ်ဆင်နိုင်ပြီး ဒရုန်းများနှင့် ပစ်မှတ်များကို ကုန်ကျစရိတ်သက်သာစွာ ပစ်ချဖျက်ဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျည်စစ်၊ ကျည်မှန်ဖြင့် ပစ်ခတ်စမ်းသပ်မှုအတွင်း LOCUST လေဆာလက်နက်သည် မောင်းသူမဲ့လေယာဉ် (UAV) အမြောက်အမြားကို အောင်မြင်စွာ ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ပစ်ချဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်နိုင်ကြောင်း အမေရိကန်ရေတပ်က အတည်ပြုခဲ့သည်။ ၎င်းအောင်မြင်မှုသည် လေဆာလက်နက်များကို စစ်မြေပြင်တွင် အမှန်တကယ် အသုံးပြုနိုင်တော့မည့်အဆင့်သို့ ရောက်ရှိလာခြင်းကိုပြသသည့် မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

LOCUST လေဆာလက်နက်သည် ပစ်မှတ်များကို ရှာဖွေခြေရာခံရာတွင် ရေဒီယိုကြိမ်နှုန်းကို အသုံးပြု၍ ၃၆၀ ဒီဂရီ ပတ်လည်စကင်ဖတ်ကာ ဒရုန်းများကို တိကျစွာ ထောက်လှမ်းနိုင်သည်။ ပစ်မှတ်ကို ချေမှုန်းရာတွင် စွမ်းအားမြင့် အလင်းတန်းလေဆာကိုအသုံးပြု၍ လေထဲတွင် ဝဲပျံနေသော ရန်သူ့ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးဒရုန်းများကို မီးလောင်ကျွမ်းစေခြင်း သို့မဟုတ် အရေးပါသော အစိတ်အပိုင်းများကို ပျက်စီးစေခြင်းဖြင့် အလုပ်မလုပ်နိုင်အောင် လုပ်ဆောင်ပေးသည်။ ထို့ပြင် ပစ်ကွင်းဧရိယာကို ပိုမိုကျယ်ပြန့်စွာ ကြည့်ရှုနိုင်စေရန်အတွက် အဆင့်မြင့်ကင်မရာများကိုလည်း စိတ်ကြိုက်တပ်ဆင်နိုင်သဖြင့် နည်းပညာပိုင်းအရ အလွန်ပြည့်စုံသော စွမ်းအင်မြင့်လက်နက်တစ်ခုဖြစ်ကြောင်း သိရသည်။

LOCUST လေဆာလက်နက်သည် ပုံမှန်အားဖြင့် ၂၀ ကီလိုဝပ် စွမ်းအင်အဆင့်ရှိပြီး သေးငယ်သော ဒရုန်းများကို ပစ်ချရန်အတွက်အသင့်တော်ဆုံး စွမ်းအင်ပမာဏဖြစ်သည်။ အချို့သော စမ်းသပ်မှုများတွင် ၂၆ ကီလိုဝပ်ထိ မြှင့်တင်အသုံးပြုနိုင်ကြောင်း သက်သေပြခဲ့သော်လည်း လက်ရှိ ကွန်တိန်နာအရွယ်အစားအတွင်း မည်မျှထိစွမ်းအင်ထပ်မံတိုးမြှင့်နိုင်မည်ကိုမူ ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

လက်ရှိတွင် အမေရိကန်ရေတပ်သည် စျေးပေါသောဒရုန်းများကို ပစ်ချရန်အတွက် ဒေါ်လာသိန်းချီတန်သော ကြားဖြတ်ဟန့်တားဒုံးကျည်များကို အသုံးပြုနေရသဖြင့် စီးပွားရေးအရ ရှုံးနိမ့်နေသည်။ လေဆာလက်နက်သည် လျှပ်စစ်ဓာတ်အား အနည်းငယ်သုံးရုံမျှဖြင့် ဒရုန်းများကို ဖျက်ဆီးနိုင်သဖြင့် ၎င်းမမျှတသောအားပြိုင်မှုကို ပြောင်းလဲပစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**U.S. Navy tests laser weapon on aircraft carrierကို ဘာသာပြန်ဆိုထားပါသည်။**

## စလိုဗက်ကီးယားနိုင်ငံက အစ္စရေးထုတ် Barak လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် လက်ခံရရှိ

စလိုဗက်ကီးယားနိုင်ငံသည် အစ္စရေးနိုင်ငံထုတ် Barak လေကြောင်းရန်ကာကွယ်ရေးစနစ်ကို လက်ခံရရှိပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဧပြီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စလိုဗက်ကီးယား ကာကွယ်ရေးဝန်ကြီးရောဘတ်ကာလီညက်၏ ပြောကြားချက်အရ အစ္စရေးနိုင်ငံထုတ် အဆိုပါ လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ပထမဆုံးသောတပ်ခွဲကို အရေးကြီးစွမ်းအင် အခြေခံအဆောက်အအုံများအနီးရှိ လျှို့ဝှက်နေရာတစ်ခုတွင် ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း သိရသည်။

စလိုဗက်ကီးယားကာကွယ်ရေးဝန်ကြီးက အဆိုပါ လေကြောင်းရန်ကာကွယ်ရေးစနစ် ဖြန့်ကြက်ထားသည့်နေရာကို နျူကလီးယားဓာတ်အားပေးစက်ရုံများ၏ ဆုံချက်နေရာဖြစ်ကြောင်း၊ ၎င်းမှာ Jaslovske Bohunice နှင့် Mo-chovce ကဲ့သို့သော အရေးပါသည့် နျူကလီးယားစက်ရုံများကို အကာအကွယ်ပေးရန် အဓိကထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်ကို စလိုဗက်ကီးယား တပ်မတော်အတွင်း ပေါင်းစပ်အသုံးချနိုင်ရန်အတွက် နောက်ထပ် ရက်သတ္တပတ်အနည်းငယ်ကြာအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အစ္စရေးနိုင်ငံမှ ပညာရှင်များကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ စလိုဗက်ကီးယား တပ်ဖွဲ့ဝင်များသည် အခြေခံနည်းပညာ လွှဲပြောင်းသင်ယူမှုများကို ပြီးမြောက်ထားပြီဖြစ်ကာ လေကြောင်းရန် ကာကွယ်ရေးစနစ် အသွင်ကူးပြောင်းမှုကာလအတွင်း ဆက်လက်လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စလိုဗက်ကီးယားအစိုးရသည် အစ္စရေးနိုင်ငံပိုင် အစ္စရေးလေကြောင်း အာကာသလုပ်ငန်း (IAI)ထံမှ Barak လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၆၅၈ ဒသမ ၉ သန်းတန်ဖိုးရှိစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဝယ်ယူမှုတွင် ဒုံးကျည်ကာကွယ်ရေးတပ်ခွဲပါဝင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်အားလုံးကို အပြီးသတ်လွှဲပြောင်းပေးသွားရန် မျှော်မှန်းထားသည်။ ပထမဆုံးသော အဆိုပါလေကြောင်းရန် ကာကွယ်ရေးစနစ်များပေးပို့မှုကို မူလက ၂၀၂၅ ခုနှစ်နှောင်းပိုင်း သို့မဟုတ် ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ပြုလုပ်ရန်စီစဉ်ခဲ့သော်လည်း အီရန်နိုင်ငံနှင့် ဆက်စပ်နေသော ပဋိပက္ခများကြောင့် သတ်မှတ်ချိန်ထက် နောက်ကျသွားခဲ့ခြင်းဖြစ်သည်။



Barak စနစ်သည် ဝေဟင်မှခြိမ်းခြောက်မှုအမျိုးမျိုးကို တုံ့ပြန်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး အဆင့်မြှင့်တင်ထားသော ကြားဖြတ်ဒုံးကျည်များကို အသုံးပြု၍ ကီလိုမီတာ ၁၅၀ အကွာအဝေးအတွင်းရှိ ပဲ့ထိန်းဒုံးကျည်များကိုပင် ပစ်ချနိုင်သည်။ လက်ရှိတွင် အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်ကို အစ္စရေးရေတပ်၏ Sa'ar-class ကင်းလှည့်သင်္ဘောများနှင့် အစ္စရေးလေတပ်၏ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်များတွင် လက်တွေ့အသုံးပြုလျက်ရှိသည်။

စလိုဗက်ကီးယားအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် တန်ဖိုးရှိသော ၎င်းစီမံကိန်းသည် နိုင်ငံ၏ လေကြောင်းပိုင်နက်ကို ခေတ်မီဒုံးကျည်အန္တရာယ်များမှ ကာကွယ်ရန် အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ အထူးသဖြင့် ကီလိုမီတာ ၁၅၀ ထိ ပစ်ခတ်နိုင်စွမ်းရှိခြင်းမှာ စလိုဗက်ကီးယားနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို သိသိသာသာ မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အစ္စရေးစစ်ပွဲကြောင့် ကြန့်ကြာမှုများရှိသော်လည်း NATO စံနှုန်းမီလက်နက်များရရှိလာခြင်းက ဒေသတွင်း လုံခြုံရေးအတွက် အရေးပါလာမည်ဖြစ်ကြောင်း သိရသည်။

**Slovakia Accepts First Israeli Barak Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ကသာ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၈၈၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၄ ဒသမ ၁၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကသာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၁၈၈၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ရေဘဝဲပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ရေဘဝဲပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီတစ်လအတွင်းက ရေဘဝဲပိသာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ရေဘဝဲပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

''ပြီးခဲ့တဲ့ မတ်လအတွင်း ရေဘဝဲပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေက လတ်ဆတ်မှုနဲ့အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေအဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ရေဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေရပါတယ်''ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြသည်။



လပွတ္တာမြို့နယ်က တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၀၀၀၊ ရေဘဝဲ လက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၁၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရေဘဝဲများ တင်ပို့အား ကောင်းလာသောကြောင့် ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်မရော ဧပြီ ၂၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နတ်စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နတ်စမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၇ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# လက်ပံတန်းမြို့နယ် အုတ်တွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**လက်ပံတန်း ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်တွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က မြစိမ်းရာင်ကျေးရွာစီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆက်လက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီးအစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားက မြစိမ်းရာင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အုတ်တွင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရာင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က ပြောပြ၍ သိရသည်။ **အေးမြတ်**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မိုင်းခတ်နှင့်မိုင်းယန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တိုင်းမှူးက လက်ခံရယူစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ကျိုင်းတုံတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

☆ ကျောဖုံးမှအဆက်

ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် **တပ်မတော်သားများဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှုနှင့် စနစ်တကျနေထိုင်တတ်မှုသည် အရေးကြီးကြောင်း၊ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင်ကစ၍ စည်းစနစ်တကျနေထိုင်ပြီး လက်အောက်ကိုလည်း စည်းကမ်းတကျကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊** သို့မှသာ ပြည်သူကလေးစားအားကျယုံကြည်အားကိုးရသည့် တပ်မတော်သားကောင်းများဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

တပ်မတော်၏ ကောင်းမွန်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့်တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်ထားသည့်စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာအသုံးချနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”**ဆိုသည့် ဆောင်ပုဒ်အတိုင်းတိတိကျကျလေ့ကျင့်နေကြရန် လိုကြောင်း။

> **တပ်မတော်သားများဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှုနှင့် စနစ်တကျနေထိုင်တတ်မှုသည် အရေးကြီး၊ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင်ကစ၍ စည်းစနစ်တကျနေထိုင်ပြီး လက်အောက်ကိုလည်း စည်းကမ်းတကျကွပ်ကဲအုပ်ချုပ်ရန်လို၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လို . . .**

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ကျွမ်းကျင်မှုနှင့်ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်ယူထားသော စစ်ပညာများကို ကြံ့ရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးချင်း၏ တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန်လိုအပ်ကြောင်း၊ **ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။**

မည်သည့်နေရာသို့ရောက်သည်ဖြစ်စေ၊ မည်သည့်ကိစ္စကို လုပ်ဆောင်သည်ဖြစ်စေ အခြေခံအချက်များနှင့်ပြည့်စုံပြီး ပုံစံတကျရှိနေရန်လိုကြောင်း၊ ယူနီဖောင်းဝတ်ဆင်မှုနှင့်သွားလာလှုပ်ရှားမှုတို့တွင် ပုံစံတကျဖြစ်နေရန်လိုပြီး ၎င်းအချက်သည် စစ်ရေးစွမ်းရည်အပိုင်းတွင် များစွာအထောက်အကူပြုကြောင်း၊ စည်းကမ်းဆိုရာတွင် သတ်မှတ်ထားသော ဆံပင်ပုံစံ၊ ဝတ်စားဆင်ယင်မှုမှစ၍ အခြေခံကျကျ အလေးထားလိုက်နာရန်လိုကြောင်း၊ ထို့ပြင် အထက်အောက်လေးစားမှု၊ အမိန့်နာခံမှု၊ သစ္စာရှိမှုကို ဖော်ညွှန်းသည့် အလေးပြုခြင်းစနစ်ကိုလည်း သတ်မှတ်ပုံစံတကျဆောင်ရွက်သွားရန်လိုကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါမကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ဒေါက်တိုင် သုံးရပ်ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီထိန်းကျောင်းသွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်သောအဖွဲ့အစည်းဖြစ်သည့်အတွက် ခေါင်းဆောင်မှုပိုင်းသည် အလွန်အရေးကြီးကြောင်း၊ တပ်မတော်တွင် အဆင့်ဆင့်သတင်းပို့တင်ပြမှုသည် အရေးကြီးသည့်အတွက် မှန်မှန်ကန်ကန်ဖြင့် အတ္တပရညီညွတ်မျှတစွာ သတင်းပို့တင်ပြရန်လိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း လက်အောက်က သတင်းပို့တင်ပြမှုများအပေါ် အရေးတယူ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင် ဦးဆောင်သူများသည် မှန်ကန်သောဦးဆောင်မှုများလုပ်ဆောင်သွားရန်လိုပြီး မှန်ကန်သောဦးဆောင်မှုဆိုသည်မှာ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ကိုက်ညီလုပ်ဆောင်ရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့်အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့်လူနာများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

## ❍ ကြည့်ရှုအားပေးမှုအဆက်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုလိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ဆေးရုံအတွက် အလှူငွေများပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့် တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကိုအသုံးချ၍ ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာထမ်းဆောင်နိုင်ရန်လို . . .

စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကြောင့် မိမိတို့ တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိ




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ တပ်နယ်များရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လက်ခံရယူစဉ်။

ရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေလိုအပ်ချက်များကို တတ်စွမ်းသရွေ့အမြဲမပြတ် ဖြည့်ဆည်းပေးလျက်ရှိပြီး ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့် လိုအပ်သည့်သက်သာချောင်ချိရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရေးတိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖော်ဆောင်ပေးသွားရန် အလေးထားမှာကြားလိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါကစိတ်ဓာတ်သည်လည်းအလိုလိုအားကောင်းလာမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန် လိုအပ်ပြီး တာဝန်ရှိသူများကလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့်ထွက်ငွေ မျှတစေရေး၊ ခြိုးခြံချွေတာရန် လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အပျော်အပါး၊ လောင်းကစားမှုဆိုင်ရာကိစ္စစသည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန်လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရည်မြင့်မားစေရေးအတွက် လိုအပ်သည်များ စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည်များ၊ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန်၊ တပ်မတော်သားများ၏ သားသမီးအားလုံးကို KG+9 အဆင့်ထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန် လိုကြောင်း။

**တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့် တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကိုအသုံးချ၍ ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်ကအားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍**

**စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှအဆက်

**ကျေပွန်စွာထမ်းဆောင်နိုင်ရန် လိုကြောင်း** ဖြင့်ပြောကြားပြီး အရာရှိ စစ်သည်၊ မိသားစု များ၏ လိုအပ်ချက်များ မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်များမှ အရာရှိ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူးနှင့်တပ်နယ်မှူးတို့ကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးနှင့် တပ်နယ်မှူး၏ ဇနီးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး၊ မွေးမြူရေးဇုန်အတွင်းရှိ နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းတွင်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး၊မွေးမြူရေးဇုန်အတွင်းရှိ နို့စားနွား၊ အသားတိုးနွား၊ DYL ဝက်၊ ငါး၊ ဥစားကြက်၊ အသားစားကြက်၊ ကာကီကင်းဘဲများ၊ ဒေသကြက်များမွေးမြူထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် “ပြည်သူများဆင်းရဲမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ဖို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း” လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်မူဝါဒ၊လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါသည်။

၃။ ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှစတင်ဆောင်ရွက်မည့် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်လည်းပါဝင်ရာ ချေးငွေအတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် သီးနှံအမျိုးအစားအလိုက် တစ်ဧကလျှင် အောက်ပါနှုန်းထားအတိုင်းတိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည်-

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (က) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀၀၀၀ | ကျပ် ၃၀၀၀၀၀ |
| (ခ) | အခြားသီးနှံ ၁၈ မျိုး | ကျပ် ၁၀၀၀၀၀ | ကျပ် ၂၅၀၀၀၀ |
| (ဂ) | ပန်းနှမ်း၊ဆီမုန်ညင်း၊ဂုန်လျှော် | ကျပ် ၁၀၀၀၀၀ | ကျပ် ၁၅၀၀၀၀ |

၄။ ထို့ပြင်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း(Agro-based Industry) ကိုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူလုပ်ငန်းရှင်များလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသောအတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်း လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊သိုလှောင်ရုံ(Silo)၊ ဆန်စက်များစသည့်လယ်ယာသုံးစက်ကိရိယာများကို အတိုးနှုန်း ခြောက်ရာခိုင်နှုန်း၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ ထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးရာသီစိုက်ပျိုးချိန်အမီ ၁၂-၅-၂၀၂၆ ရက်မှစတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

---

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၂၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဧပြီ ၂၃**

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ယခုနှစ် ဧပြီ ၂၄ ရက်မှ ၃၀ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၈၅ ကျပ်ဖြစ် ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်း မရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများ၊လုပ်ငန်း စီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင် ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက်နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC)အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များဆွေးနွေး



နေပြည်တော် မေ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သောလုပ်ငန်းစဉ်များချမှတ်နိုင်ရန်နှင့် ရရှိပြီးဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိM Gallery ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ငါးဦး အပါအဝင် ကော်မတီဝင် စုစုပေါင်း ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် ညှိနှိုင်းရေးကော်မတီကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ကြောင်း၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ် မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယခင် NCA အရ ငြိမ်းချမ်းရေးကို ဆောင်ရွက်ရန် UPDJC ၊ JMC တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ToR ၊ SOP တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ JMC တွင် လူသားချင်း စာနာမှုအကူအညီများ ပေးအပ်ရန်ပါရှိသဖြင့် JMC အရပ်သားကိုယ်စားလှယ်များနှင့် JMC-TSC တို့ဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို လိုအပ်သူများထံသို့ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရွေးကောက်ခံအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ ရှိပြီဖြစ်သဖြင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် UPDJC၊ JMC လုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ယနေ့အစည်းအဝေးသည် အသစ်ပြန်လည်ဖွဲ့စည်းထားသည့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်၏မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ခြင်း အချက်တစ်ခုဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ထောက်ပံ့ပေးခြင်းကို အမှန်တကယ်လိုအပ်သည့် ပြည်သူများထံ JMC နှင့်ပေါင်းစပ်၍ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများက သဘောတူညီထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ သဘောတူညီချက် ၇၂ ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ NSPNC အဖွဲ့ဝင်သစ်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီဝင်များက ဆွေးနွေးရာတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးသည် အရေးကြီးကြောင်း၊ NCA သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးဖြစ်သည်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပြသရန်လိုကြောင်း၊ ယခင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည့် လူပုဂ္ဂိုလ်များပါဝင်သည့် စော့စပ်ညှိနှိုင်းမည့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏အကူအညီလည်း ရယူဆောင်ရွက်သွားသင့်ကြောင်း၊ ဆွေးနွေးရာတွင် အမှားကိုထောက်ပြခြင်းထက် အမှန်လမ်းကြောင်းကို ချပြဆွေးနွေးသင့်ကြောင်း၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ ရွေးချယ်ဆောင်ရွက်ခြင်းမျိုးပြုလုပ်သင့်ကြောင်း၊ ဆွေးနွေးမှုများတွင် ပြည်သူလူထုအသံ ပိုမိုပါဝင်အောင် ဆောင်ရွက်သင့်ကြောင်း၊ လူသားချင်း စာနာထောက်ထားမှုများ ဆက်လက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ပညာရေး၊သတင်းအချက်အလက် ဖြန့်ဝေခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အားကိုလည်း ရယူရန်လိုကြောင်း၊ ပဋိပက္ခဒေသရှိ ဒေသခံများ၏ အားကိုလည်း အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဒေသအတွင်းရှိ ပြည်သူလူထုများထံ ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီးနောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**ရှေ့ဖုံးမှအဆက်**

(၂) ဖားဆောင်းမြို့နယ်၊
(၃) မယ်စဲ့မြို့နယ်၊

( ဂ ) **ကရင်ပြည်နယ်**
(၁) ကော့ကရိတ်မြို့နယ်၊
(၂) ကြာအင်းဆိပ်ကြီးမြို့နယ်၊

(ဃ) **ချင်းပြည်နယ်**
(၁) ကန်ပက်လက်မြို့နယ်၊
(၂) ထန်တလန်မြို့နယ်၊
(၃) ပလက်ဝမြို့နယ်၊
(၄) တွန်းဇံမြို့နယ်၊
(၅) မင်းတပ်မြို့နယ်၊
(၆) မတူပီမြို့နယ်၊
(၇) ဖလမ်းမြို့နယ်၊

( င ) **စစ်ကိုင်းတိုင်းဒေသကြီး**
(၁) ကောလင်းမြို့နယ်၊
(၂) ပင်လည်ဘူးမြို့နယ်၊
(၃) ခင်ဦးမြို့နယ်၊
(၄) ဝက်လက်မြို့နယ်၊
(၅) ကနီမြို့နယ်၊
(၆) ဒီပဲယင်းမြို့နယ်၊
(၇) ပုလဲမြို့နယ်၊
(၈) အင်းတော်မြို့နယ်။

( စ ) **မကွေးတိုင်းဒေသကြီး**
(၁) ပေါက်မြို့နယ်၊
(၂) မြိုင်မြို့နယ်၊
(၃) ဆောမြို့နယ်၊
(၄) ထီးလင်းမြို့နယ်၊
(၅) ရေစကြိုမြို့နယ်။

(ဆ) **မန္တလေးတိုင်းဒေသကြီး**
(၁) ငါန်းဇွန်မြို့နယ်။

( ဇ ) **ရခိုင်ပြည်နယ်**
(၁) ရမ်းဗြဲမြို့နယ်၊
(၂) ပေါက်တောမြို့နယ်၊
(၃) ပုဏ္ဏားကျွန်းမြို့နယ်၊
(၄) ရသေ့တောင်မြို့နယ်၊
(၅) ဂွမြို့နယ်၊
(၆) မောင်တောမြို့နယ်၊
(၇) ဘူးသီးတောင်မြို့နယ်၊
(၈) ကျောက်တော်မြို့နယ်၊
(၉) မင်းပြားမြို့နယ်၊
(၁၀) မြေပုံမြို့နယ်၊
(၁၁) မြောက်ဦးမြို့နယ်၊
(၁၂) သံတွဲမြို့နယ်၊
(၁၃) အမ်းမြို့နယ်၊
(၁၄) တောင်ကုတ်မြို့နယ်။

(ဈ) **ရှမ်းပြည်နယ်**
(၁) နမ္မတူမြို့နယ်၊
(၂) မဘိမ်းမြို့နယ်၊
(၃) ကွတ်ခိုင်မြို့နယ်၊
(၄) နမ့်ခမ်းမြို့နယ်၊
(၅) သိန္နီမြို့နယ်၊
(၆) ကွမ်းလုံမြို့နယ်၊
(၇) နမ့်ဆန်မြို့နယ်၊
(၈) မန်တုံမြို့နယ်၊
(၉) ဟိုပန်မြို့နယ်၊
(၁၀) လောက်ကိုင်မြို့နယ်၊
(၁၁) ကုန်းကြမ်းမြို့နယ်၊
(၁၂) မိုးမိတ်မြို့နယ်၊
(၁၃) ကျောက်မဲမြို့နယ်၊
(၁၄) သီပေါမြို့နယ်၊
(၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂ / ၂၀၂၄ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂ /၂၀၂၄**
၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၈ ရက်
(၂၀၂၄ ခုနှစ် ဧပြီလ ၂၃ ရက်)

၁။ နိုင်ငံတော်သမ္မတရုံးသည် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်အမှတ် ၁/၂၀၂၄ ကို ထုတ်ပြန်၍ ယင်းအမိန့်ပါမြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်အမှတ် ၂/၂၀၂၄ အရ အဆိုပါမြို့နယ်များ၏အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင်ပါဝင်သော ယင်းဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ပါမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် တိုင်းမှူးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃ ပုဒ်မခွဲ(ခ)အရ အပ်နှင်းလိုက်သည်။

၂။ သက်ဆိုင်ရာ တိုင်းမှူးများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်ပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည်။

ပုံ
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃ / ၂၀၂၄ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃ /၂၀၂၄**
၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၈ ရက်
(၂၀၂၄ ခုနှစ် ဧပြီလ ၂၃ ရက်)

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၈ ရက် ၂၀၂၄ ခုနှစ် ဧပြီလ ၂၃ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် ၁/၂၀၂၄၊ ၂/၂၀၂၄ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၄ တို့တွင် ဖော်ပြပါရှိသည့် မြို့နယ်များ နှင့်သက်ဆိုင်သည့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများကို စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ တိုင်းမှူးတို့၏ ကွပ်ကဲမှုအရဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ သက်ဆိုင်ရာ တိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကိုပြီးမြောက်အောင်ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** သက်ဆိုင်ရာ တိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား (က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
( ခခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာ တိုင်းမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
( ဂဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများကချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆) တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကိုတိုးမြှင့်နိုင်သည်။

၅။ သက်ဆိုင်ရာ တိုင်းမှူးတို့သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ အစီရင်ခံရမည်။

ပုံ
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

## ၂၀၂၄ ခုနှစ် ဧပြီ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ဧရာဝတီမြစ်ရေ နည်းမည်

**နေပြည်တော် ဧပြီ ၂၃**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၅၉ စင်တီမီတာသို့ ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ ရေနည်းသတိပေးမှတ် စင်တီမီတာ ၃၆၀ အောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။ (မိုး/ဇလ)

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၃**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ဦးထွန်းလူ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းထိန်းမျှော်စင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြန်မာ့မီးရထား (နေပြည်တော်) စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ Battery Electric Locomotive(BEL) တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (Battery Electric Multiple Unit-BEMU) တည်ဆောက်နေမှုများနှင့် မေ ၁ ရက်တွင် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ စတင်ပြေးဆွဲမည့် DEMU အမြန်ရထားများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းထိန်းမျှော်စင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် Pioneer Aerodrome Services(PAS) ကုမ္ပဏီမှ တာဝန်ရှိသူများက လေကြောင်းထိန်းမျှော်စင်အသစ် တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ထားမှု၊ မြေသားစမ်းသပ်ဆောင်ရွက်ထားမှု၊ တည်ဆောက်မည့် လေကြောင်းထိန်းမျှော်စင်ဒီဇိုင်းတို့ကို ရှင်းလင်းတင်ပြပြီး Bore Pile ဆောင်ရွက်နေမှုနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြေငလျင်ဒဏ်ခံနိုင်သည့် Structure ဒီဇိုင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မတီများ၏ သဘောထားမှတ်ချက်၊ စစ်ဆေးမှုကိုခံယူပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်သည့်အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန်၊ လုပ်ငန်းပိုင်းအလိုက် ပြီးစီးချိန်တွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စံချိန်စံညွှန်းစစ်ဆေးရေးနှင့် လုပ်ငန်းကြီးကြပ်ရေး ကော်မတီများဖြင့် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား (နေပြည်တော်) စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့သွားရောက်၍ Battery Electric Locomotive တည်ဆောက်နေမှုများ၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (BEMU) တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းထုတ်လုပ်တပ်ဆင်မှု လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်၊ စက်ခေါင်းများကို သတ်မှတ်အချိန်ဇယား (Working Schedule)နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁ ရက်၌ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် DEMU အမြန်ရထားတွဲများကို စစ်ဆေးကြည့်ရှုပြီး ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ လိုက်ပါစီးနင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ရေး တိုက်တွန်းနှိုးဆော်ချက်တို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် မေ ၂၃**

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီး PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့သည်လည်း နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည်ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားရာ ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအဖွဲ့ဝင်ရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) လုပ်ငန်းကော်မတီရုံး (နေပြည်တော်)
- (၁) ၀၃၂-၃၀၀၃၇၊ ၀၃၂-၃၀၁၅၅၊ ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၁၁၉၈၅၅၄၊ ၀၉-၂၆၁၁၇၉၀၀၅

(ခ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကချင်ပြည်နယ်)
- (၁) ၀၉-၃၉၁၀၁၆၆၉၊ ၀၉-၃၉၁၀၁၈၁၇၊ ၀၁-၃၃၃၁၆၃၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၄၃၆၇၈၇၊ ၀၉-၂၆၁၁၇၉၀၂၂

(ဂ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကယားပြည်နယ်)
- (၁) ၀၃၄-၃၂၁၃၁၊ ၀၃၄-၃၇၃၀၅၊ ၀၃၄-၃၇၃၀၆၊ ၀၃၄-၃၇၃၁၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၄၃၈၀၇၀၇၊ ၀၉-၈၈၅၆၀၄၅၄၅

(ဃ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကရင်ပြည်နယ်)
- (၁) ၀၃၇-၃၆၄၀၈၊ ၀၃၇-၃၆၂၀၇၊ ၀၅၈-၂၀၂၄၃၇၊ ၀၅၈-၂၀၂၄၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၅၂၉၄၃၅၁၊ ၀၉-၈၉၃၃၃၇၅၇၅

(င) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ချင်းပြည်နယ်)
- (၁) ၀၃၃-၃၂၃၁၄၊ ၀၃၃-၆၀၅၃၄၊ ၀၁-၃၃၃၆၆၀၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၇၂၄၈၉၉၊ ၀၉-၂၅၄၉၄၈၇၅၄

(စ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၃၃-၃၂၃၆၆၊ ၀၃၃-၃၁၂၁၂၊ ၀၇၁-၂၀၃၂၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၈၄၆၇၀၂၄၊ ၀၉-၂၆၁၁၇၉၁၀၂

(ဆ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၃၇-၄၀၀၀၅၊ ၀၉-၆၉၆၇၁၁၅၇၇၊ ၀၅၉-၂၀၂၃၆၂၄၊ ၀၅၉-၂၀၂၃၆၂၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၈၄၇၇၁၁၁၊ ၀၉-၆၉၅၁၁၇၆၇၆၊ ၀၉-၂၅၆၄၈၀၂၉၅

(ဇ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၃၂-၃၃၁၄၃၊ ၀၃၂-၃၃၁၄၆၊ ၀၅၂-၂၂၀၁၈၀၀၊ ၀၅၂-၂၂၀၀၇၈၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၅၅၅၄၂၁၈၆၊ ၀၉-၈၉၉၆၂၃၈၆၆

(ဈ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မကွေးတိုင်းဒေသကြီး)
- (၁) ၀၃၂-၃၁၀၄၆၊ ၀၃၂-၃၂၆၁၀၊ ၀၆၃-၂၀၂၈၈၇၇၊ ၀၆၃-၂၀၂၆၆၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၃၀၅၂၅၈၀၊ ၀၉-၂၆၁၁၇၉၁၆၇၊ ၀၉-၂၅၅၀၀၂၅၁၀

(ည) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၃၃-၃၃၀၅၃၊ ၀၃၃-၃၃၁၄၇၊ ၀၂-၄၀၂၄၉၈၂၊ ၀၂-၄၀၃၉၀၈၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၀၁၀၉၇၉၇၊ ၀၉-၄၅၅၃၆၅၁၇၁

(ဋ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မွန်ပြည်နယ်)
- (၁) ၀၃၇-၃၀၀၄၈၊ ၀၃၇-၃၀၀၁၁၊ ၀၅၇-၂၀၂၇၉၁၀၊ ၀၅၇-၂၀၂၇၉၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၉၃၂၃၂၀၊ ၀၉-၄၂၆၂၇၆၃၀၅

(ဌ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရခိုင်ပြည်နယ်)
- (၁) ၀၃၂-၃၁၇၇၇၊ ၀၃၂-၃၁၇၁၁၊ ၀၉-၈၉၉၆၂၁၄၂၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၃၇၆၂၆၉၊ ၀၉-၈၉၉၆၄၁၉၂၁

(ဍ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၃၁-၂၅၉၃၆၊ ၀၃၁-၂၅၉၄၄၊ ၀၁-၈၃၀၁၂၀၅၊ ၀၁-၈၂၂၁၀၁၇၊
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၀၇၈၈၂၁၆၊ ၀၉-၄၄၃၄၄၀၁၁၃

(ဎ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရှမ်းပြည်နယ်)
- (၁) ၀၉-၃၉၁၀၄၆၇၀၊ ၀၃၄-၃၈၆၁၂၊ ၀၃၄-၃၃၁၀၄၊ ၀၈၁-၂၂၀၁၉၂၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၂၂၇၃၃၁၂၊ ၀၉-၂၅၂၇၉၈၈၅၉

(ဏ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၃၁-၂၁၁၂၁၊ ၀၃၁-၂၁၀၀၃၊ ၀၄၂ - ၂၃၆၇၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၂၁၂၆၈၀၁၊ ၀၉-၉၇၁၀၉၅၀၅၀

၂။ အပြုသဘောဆောင်သည့် ဆက်သွယ်လာမှုများကို လက်ခံဖြေကြား၍ ဆက်လက်ဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြားပေးခြင်း၊ သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ**

# မဟာမုနိရုပ်ရှင်တော် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေး



**မန္တလေး ဧပြီ ၂၃**

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် မဟာမုနိရုပ်ရှင်တော်နှင့် ဘုရားကြီး ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးခဲ့မှုများဖြစ်ပေါ်ခဲ့၍ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးခင်အောင်အေးလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများကို မူဝါဒများ၊ လမ်းညွှန်ချက်များအတိုင်း စနစ်တကျစီမံကာ ဖွဲ့စည်းတာဝန်ပေးထားသည့် လုပ်ငန်းကော်မတီ၊ ဦးစီးကော်မတီဝင်များ၊ ပညာရှင်များဖြင့် ရေးမူမပျက် အကောင်းဆုံး ဆောင်ရွက်ခဲ့ကြသည့်အတွက် လုပ်ငန်းပြီးစီးမှုတိုးတက်လာပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေး၊ ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် ဘုရားကြီးပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားကာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာဖြင့် တင်ပြသွားရေးတို့ကို ပြောကြားသည်။

ဆက်လက်၍ စည်ပင်သာယာရေးဝန်ကြီးက မဟာမုနိရုပ်ရှင်ဂေါပကအဖွဲ့ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့က မဟာမုနိရုပ်ရှင်တော် ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့သည် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးသို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် လူဦးရေ ၁၁၀၀ ကျော်ဆံ့ ဘွဲ့နှင်းသဘင်ခန်းမကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံ အထူးအဖွဲ့(၆)က ကြီးကြပ်ဆောင်ရွက်ပြီးစီးခဲ့မှု၊ ထပ်မံ၍ ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးမှုဖြင့် ပါရိုးမြေကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမကြီးအတွင်းရှိ စတိတ်စင်ကို ခြောက်ပေတိုးချဲ့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့က လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများကို မှာကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

**နေပြည်တော် ဧပြီ ၂၃**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်ထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်ထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာညွန့်စိုးအား ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဧပြီ ၂၃**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မာဂူလန် ဘိုင်မူခန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မာဂူလန် ဘိုင်မူခန်ကို ၁၉၇၄ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်တို့တွင် ခရာကော်စီးပွားရေးတက္ကသိုလ်မှလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ကနေဒါနိုင်ငံရှိ ဗန်ကူဗာတက္ကသိုလ်မှလည်းကောင်း ဘွဲ့များရရှိခဲ့ပါသည်။ မစ္စတာ ဘိုင်မူခန်သည် ၁၉၉၉ ခုနှစ်တွင် ကာဇက်စတန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ကာ သံတမန်ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ပိုလန်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ဘယ်လ်ဂျီယံနိုင်ငံနှင့် လူဇင်ဘတ်နိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးနှင့် ဥရောပသမဂ္ဂနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ဆိုင်ရာ ကာဇက်စတန်အဖွဲ့ရုံး၏အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် ၎င်းသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ကာဇက်စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၅ ခုနှစ် ဩဂုတ်လမှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သံအမတ်ကြီးအဖြစ်နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကော်မရှင်၏ ကာဇက်စတန်အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မာဂူလန် ဘိုင်မူခန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြိတ်မြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒလတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၂၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြင်းငယ်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါစာသင်တိုက်ရှိ သံဃာတော် အပါး ၄၀ နှင့် ဒေသခံပြည်သူ ၁၅ ဦးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို မြိတ်မြို့ရှိတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် သဝန်တောစံပြကျေးရွာရှိ ပြည်လုံးချမ်းသာကိုးနဝင်း စေတီတော်ဓမ္မာရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၄၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များတွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ရပ်စောက်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ရပ်စောက်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)ဌာနချုပ် တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)ဌာနချုပ် တွဲဖက်အတွင်းရေးမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ လုပ်ဆောင်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## ၂၃-၄-၂၀၂၆ နိုင်ငံခြားငွေကြေး ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား၊ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ လေးသန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၉၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၈.၂ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၃,၉၄၉,၈၅၁.၆၀ | ၁၇,၅၂၇,၉၀၃.၅၅ | ၁၃,၂၇၄,၅၃၅.၈၃ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဝတ္ထုတိုကဏ္ဍ

# သာနေဆဲမှာ ကွယ်သောလ

## ဂနောင်(ပခန်းမြေ)



( ၁ )

ညနေ နေစောင်းပြီဆိုသည်နှင့် ရွာအဝင်ကဇရပ်ထဲတွင် အမေညိုကို တွေ့ရစမြဲဖြစ်၏။ အမေညိုကို ယခုလို တွေ့ရမြင်ရသည်မှာလည်း သင်္ကြန်မတိုင်မီကတည်းကဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမေညို၏ သားတော်မောင်ဦးပဥ္စင်းလေး စကားကြောင့်ဟုသာ ပြောရပေလိမ့်မည်။ ယခုလိုအချိန်မှာ ဦးပဥ္စင်းလေးကိုသာ ပြန်တွေ့ခွင့်ရလျှင် "အရှင်ဘုရားရယ် အမေအိုကြီးကို ဘာလို့များ မျှော်လင့်ချက်စကားတွေ ပြောခဲ့ရတာပါလိမ့်"ဟုသာ မေးလျှောက်လိုက်ချင်မိသည်။

( ၂ )

"ကဲ အမေသာ ကျန်းမာရေးကို ဂရုစိုက်၊ ကျုပ်စာမေးပွဲတွေဖြေပြီးတာနဲ့ သင်္ကြန်မတိုင်မီ ရွာကိုပြန်ကြွလာခဲ့မယ်။ ကျုပ်ပြန်လာရင် မယ်တော်ကြီး ရွာအဝင်ကနေ စောင့်မျှော်ဆီးကြိုနေမယ်မဟုတ်လား"

" တင်ပါ့ဘုရား၊ ဦးပဥ္စင်းသာ စာမေးပွဲကို ကျမ်းပြီးအောင် စိတ်အေးအေးထား ကြိုးစားဖြေဆိုခဲ့ပါဘုရား။ မယ်တော်ကြီး သားဦးပဥ္စင်း ပြန်ကြွအလာကို ရွာအဝင်ဝကနေ ဆက်ဆက်စောင့်မျှော်နေပါ့မယ်ဘုရား"

ထိုစကားတို့သည် အမေညိုနှင့် သားဖြစ်သူ ဦးပဥ္စင်းလေးတို့ ဖုန်းဖြင့် မှတ်မှတ်ရရ နောက်ဆုံးပြောဖြစ်ခဲ့ကြသည့် စကားများပင်ဖြစ်၏။ ထို့ကြောင့်လည်း အမေညိုခမျာ နေညိုပြီဆိုသည်နှင့် တုတ်ကောက်လေးကိုထောက်၍ ရွာအဝင် ဇရပ်ထဲကနေ မန္တလေးမှ ပြန်ဆင်းလာမည့်ကားများကို စောင့်မျှော်နေမိခြင်းဖြစ်၏။ သို့သော် မန္တလေးမြို့မှ ပြန်ဆင်းလာသည့်ကားများသာ တစ်စီးပြီးတစ်စီး ဆိုက်လာကြသော်လည်း အမေညို၏သား ဦးပဥ္စင်းလေးကဖြင့် ရွာသို့ပြန်ကြွမလာ။ အမေညိုကဖြင့် ဇရပ်ထဲကနေ ရွာ၏အနီးရှိ ကျက်သရေဆောင် ကြည်ညိုဖွယ်ရာဖြစ်သည့် သမိုင်းဝင် "ရွှေကူစမ္မ သာရ" စေတီတော်မြတ်ကြီးကိုသာ မတ်တတ်ရပ်လျက်နှင့် ဖူးမြော်ရင်း တဘက်ကလေး ပခုံးပေါ်တင်လျက် လက်အုပ်လေးချီဦးခိုက်ရင်း တိုးတိုးလေးတိုင်တန်းမပြတ်ရှိနေ၏။

"နေဝင်ချိန်ကလဲ စောလိုက်တာ အရှင်ဘုရားရယ်၊ တပည့်တော်မရဲ့သား ဦးပဥ္စင်းလေးကဖြင့် ပြန်ကြွမလာသေးဘူးဘုရား"တဲ့။

"အမေညိုရေ လာလာ မိုးချုပ်ပြီ၊အိမ်ပြန်ကြစို့နော်။ အမေညိုကို ကျုပ်တို့အိမ်ပြန်ပို့ပေးမယ်"

ညနေ နေဝင်ဖျိုးဖျ မိုးချုပ်စပြုချိန်တိုင်း တောထဲမှပြန်လာကြသည့် ရွာသူ၊ ရွာသားများက အမေညိုကို ဇရပ်ထဲဝင်ခေါ်လေ့ရှိကြသည်။ ထိုသို့ ခေါ်ပြန်တော့ အမေညို မငြင်းသာ သူတို့နှင့်အတူ တောင်ဝှေးလေးထောက်လျက် အိမ်သို့ပြန်လိုက်ခဲ့ရှာ၏။

( ၃ )

အမေညိုတို့ရွာသည် "ဖျာသီး"ဟု ခေါ်သည့် ထင်ရှားသော ရွာတစ်ရွာသာဖြစ်၏။ အညာကျေးလက်ဒေသမို့ ထန်းပင်ကြီးများ ပေါများ၏၊ တမာ၊ ထနောင်း၊ မန်ကျည်းအုပ်အုပ်နှင့် အရိပ်ကောင်းသည့် ကုက္ကိုပင်ကြီးများလည်းရှိသည်။

ရာသီအလိုက် ကောက်ပဲသီးနှံတို့စိုက်ပျိုးကြ၏။ လယ်ယာစပါးနှင့် သနပ်ခါးတို့လည်း စိုက်ပျိုးကြသည်။ မန္တလေး-စစ်ကိုင်းလမ်းမကြီးအတိုင်းလာလျှင် ချောင်းဦးမြို့အနားရောက်သည်နှင့် ဆင်ဖြူရှင်တံတားကိုဖြတ်လိုက်လျှင် ရေစကြိုမြို့နယ်ကို စတင်ရောက်ရှိမည်ဖြစ်၏။ အောင်မိုးလမ်းခွဲကိုရောက်သည်နှင့် ဘယ်ဘက်သို့ချိုးကွေ့လိုက်လျှင် ရေစကြိုမြို့နှင့် ပခုက္ကူမြို့သို့ရောက်သည်။

အမေညိုတို့ ရွာကိုလာလျှင် ထိုအောင်မိုးလမ်းခွဲမှ ညာဘက်ကို ချိုး၍လိုက်လာရမည်ဖြစ်၏။ ထိုလမ်းမကြီးအတိုင်းသွားပါက မြိုင်မြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်တို့ထိ လမ်းပေါက်၏၊

အမေညိုတို့ရွာက မြိုင်မြို့နယ်အဆုံးသို့မရောက်မီ ထူးမရွာနားသို့ရောက်လျှင် ပေလမ်းမပေါ်မှဆင်း၍ မြေသားလမ်းပေါ်ဘယ်ဘက်သို့ ချိုးကွေ့ရမည်ဖြစ်၏။ သံဘိုရွာကိုကျော်လျှင် အမေညိုတို့ ဖျာသီးရွာသို့ရောက်မည်ဖြစ်၏၊ ရွာအဝင်တွင် အထကခွဲကျောင်းရှိပြီး "မဟာဇေယျာဘုံသာ" ဘုန်းတော်ကြီးကျောင်းလည်းရှိ၏။ ရွာအဝင်ပေါက်တည့်တည့်တွင် သမိုင်းဝင် "ရွှေကူစမ္မသာရ" စေတီတော်မြတ်ကြီးရှိ၏။ ရွာလမ်းမ တည့်တည့်ဝင်လာလျှင်တော့ အမေညို၏သား ဦးပဥ္စင်းသီတင်းသုံးနေထိုင်ခဲ့သည့် မနောရမ္မာဝတီ ကျောင်းတိုက်ကြီးရှိနေပေ၏။ ထိုကျောင်းတိုက်ကြီးသည် ကိုရင်၊ ကျောင်းသား အလွန်ပေါများ၏။ စာသံပေသံတညံညံနှင့် သားတော်မောင်တို့ ငယ်စဉ်ကတည်းက နေ့စဉ် မပြတ်ရှိခဲ့ပါပေ၏။

( ၄ )

"ဇဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ"

ကိုရင်၊ ကျောင်းသားတို့၏ စာကျက်၊ စာဆိုသံဘုရားဝတ်ပြုသံတို့ကို ကြားရသောအခါ အမေညိုသည် သားဦးပဥ္စင်းလေး၏ ငယ်စဉ်ကလေးဘဝကို ပြန်၍မြင်ယောင်မိလေ၏။ အမေညိုတို့သည် နွေကျောင်းပိတ်ပြီဆိုသည်နှင့် သားသုံးယောက်ကို ဘုန်းကြီးကျောင်းသို့ပို့၍ အပ်နှံ၏။ လိမ္မာယဉ်ကျေးမှုနှင့် ဘာသာရေးစာပေ၊ ဇာတ်ဝတ္ထု ပရိတ်ကြီး ၁၁ သုတ်ကအစ ရွတ်ဖတ်တတ်စေချင်ကြသည်။ သားသုံးယောက်ထဲတွင် အငယ်ဆုံးဖြစ်သည့် သားကို ဘုန်းကြီးဦးခေမာက မိန့်ဖူးသည်။

"ဟဲ့ မယ်ညို၊ နင့်သားတွေထဲ တစ်မိပေါက်တစ်ယောက်တော့ ထွန်းအုံးမယ်ဟေ့။ ရှင်ပြုချိန်လဲတန်ပြီဆိုတော့ အလှူပေးဖို့သာ ကြိုးစားကြပေတော့"

ဘုန်းကြီးဦးခေမာစကားကိုကြားသောအခါ အမေညိုခမျာပီတိအပြုံးများဝေ၍ ခင်ပွန်းဖြစ်သူ ဖိုးဘမောင်ကိုပင်ပြောပြမိလေ၏။ ဖိုးဘမောင်ကလည်း-

"မယ်ညိုရေ ဒီနှစ်လယ်ယာတွေပေါ်ပြီးရင် လှူကြတာပေါ့ကွာ"ဟု ပြောလေသည်။

ထိုနှစ်က မိုးရွာ၍ ပျိုးသာကြပြီး တောင်သူများ လယ်ယာစပါး ဖြစ်ထွန်းခဲ့ကြသည်။ ရွှေဝါရောင်သန်းနေသည့်စပါးခင်းကြီးကိုကြည့်ပြီး ဖိုးဘမောင်နှင့် အမေညိုတို့ အတွေးအိမ်ထဲမှာပင် အလှူပွဲကြီး လှည့်လည်နေမိကြလေ၏။

( ၅ )

"သျှိုး ..." (အညာဒေသ၌ ရွှေးဟု အော်ကြသည်)

ကျောင်းသားများက ရှင်လောင်းလှည့်မထွက်မီ စတင်သျှိုးတိုက်နေကြလေပြီ။ ဖျာသီးသူ အပျိုချောလေးစိမ်းလဲ့လဲ့ခိုင်က ကွမ်းတောင်ပန်းတောင်ကိုင်လျက်နှင့် နတ်သက်ကြွေလေသလားပင် ထင်မှတ်မှားဖွယ်လှနေ၏။ အပျိုလေးများလည်း ပရိတ်အိုးကိုယ်စီရွက်ကာ မကြာမီ ရှင်လောင်းလှည့်ကြရတော့မည်။

ရှင်လောင်းမလှည့်သေးသော်လည်း ကျောင်းထဲတွင် ပရိတ်အိုးယူရန် လူစီတန်း၍ နေရာချနေကြသည်။ မြင်းတွေပေါ်မှ သားမောင်ရှင်လောင်းတွေကိုကြည့်ပြီး အမေညိုခမျာ ပီတိဖြစ်နေရှာ၏။ ပြုံးပြုံးကြီးနှင့် ကြည့်နေလိုက်ပုံများ ဖိုးဘမောင်ကြီးပင် သပိတ်ကိုလွယ်လျက်နှင့် အပျော်တွေကူး၍ မြူးခဲ့ရလေ၏။ တူဖြစ်သည့် ဓာတ်ပုံဆရာ ထက်အောင်ကျော်ကို လက်ပြလှမ်းခေါ်ပြီး ဖိုးဘမောင် တိုးတိုးလေး ပြောလိုက်လေ၏၊

"ငါ့တူ ငထက် မင်းအဒေါ်ကိုတွေ့လား။ သားတွေကိုကြည့်ပြီး ပြုံးနေလိုက်တာကွာ၊ အဲဒီလိုပြုံးနေတာမြင်ရခဲ့တယ်ကွ။ သွား သွား မင်းအဒေါ်အပြုံးကို အမိအရ ဓာတ်ပုံရိုက်ထားစမ်းပါကွာ"

ဖိုးဘမောင်စေခိုင်းသည့်အတိုင်း ဓာတ်ပုံဆရာထက်အောင်ကျော်ကလည်း အမေညို၏ ပီတိအပြုံးကို အမိအရ ရိုက်ကူးရေးလုပ်ရလေတော့၏။

အခုတော့ ရှင်သာမဏေအလောင်းလျာ မောင်ရှင်လောင်းလေးတွေကိုကြည့်ပြီး အမေညို ပြုံးပျော်နေရှာလေ၏။ အလှူကြီးပေးပြီး ရင်သွေးရတနာတွေကို သာသနာ့ဘောင်သွတ်သွင်း၍ ဖန်ဝါဆင်မြန်း ဝတ်သင်္ကန်းလေးများနှင့်တွေ့ရ မြင်ရသည်မှာ အမေညိုအဖို့ ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ကြည်နူးရွှင်ပျခံစားရလေ၏။

"ကိုရင်လေး"ဟုခေါ်လိုက်တိုင်း "ဒကာမကြီး" ဟုပြန်၍ အခေါ်ခံရသည်က အမေညိုအဖို့ ထမင်းမေ့ဟင်းမေ့ဖြစ်ခဲ့ရ၏။

"ကိုရင်လေးတို့ ဘယ်နှဝါဝတ်မှာလဲ" ဟု မေးကြမြန်းကြသည့်အခါ အကြီးဖြစ်သည့် အစ်ကိုနှစ်ယောက်က "တစ်ပတ်ဆယ်ရက်ပေါ့ဗျာ"ဟု ပြန်ပြောကြသည်။ အငယ်ဆုံးသားထွေးကိုရင်လေးကတော့ သင်္ကန်းဝတ်နှင့်တည့်ပြီး ကျောင်းပျော်နေရှာသည် ထင်၏။ လူမထွက်ဘဲ နေခဲ့၏။ ဘုန်းကြီးဦးခေမာကလည်း သင်ပုန်းကြီးမှစ၍ အခြေခံပရိယတ္တိစာပေများ သင်ကြားပေးသည်။ ကိုရင်လေးက ကြိုးစား၍ သင်ယူသလို စာလည်းတော်၏။

"မယ်ညိုရေ နင့်သားတွေတော့ တစ်မိပေါက်တစ်ယောက်ထွန်းအုံးမယ်ဟေ့"ဟုမိန့်ကြားခဲ့ဖူးသည်ကို အမေညို အမှတ်ရနေမိ၏။ စာတော်၍လည်း ကိုရင်လေးကို မြို့စာသင်တိုက်သို့ ဘုန်းကြီး ဦးခေမာကိုယ်တိုင် သွားရောက်ပို့ဆောင်အပ်ခဲ့သည်။

အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းစသောအစိုးရစာမေးပွဲများကို နှစ်စဉ်အလိုက်ဖြေဆိုအောင်မြင်ခဲ့သည်။ ဓမ္မာစရိယနှစ်ကျမ်းအောင်မြင်ပြီး၍ တစ်ကျမ်းဖြေဆိုအောင်မြင်လျှင် "သာသနဓဇ ဓမ္မာစရိယ " ဘွဲ့တံဆိပ်တော်ကြီး ဆွတ်ခူးရရှိတော့မည်ဖြစ်၏။ ဘုန်းကြီးဦးခေမာ ပျံလွန်တော်မမူခင်က ဖိုးဘမောင်နှင့် အမေညိုကို ကျောင်းသို့ခေါ်ပြီး မိန့်ကြားဖူးသည်။

"နင်တို့သား မောင်ပဥ္စင်းကို လူမထွက်စေနဲ့ ရွာရဲ့ကျက်သရေဆောင် ဆရာတော်တစ်ပါးဖြစ်လာမှာ။ မောင်ပဥ္စင်း ဓမ္မာစရိယဘွဲ့ရရင် ဂုဏ်ပြုပူဇော်ပွဲကြီး လုပ်ပေးရမယ်။ ကြိုးစားစုဆောင်းရှာထားကြ။ အင်း ငါရှိနေသေးရင် ငါ့တပည့်ကျော်အတွက် ရှေ့ကနေ ဦးဆောင်ပြီးလုပ်ပေးမယ်။ ငါမရှိတော့ရင်လည်း ငါစုထားတာလေးတွေ နင်တို့သား မောင်ပဥ္စင်းလေး ဂုဏ်ပြုပွဲအတွက် ကြိုပြီးလှူထားခဲ့မယ်။ ကြားကြရဲ့လား"

ဖိုးဘမောင်နှင့်အမေညိုတို့ ကတိကဝတ်ခံပြီး ဘဘုန်းစကားကို အာမဘန္တေခံခဲ့ကြရသည်။ ယခုတော့ဖြင့် သားတော်မောင် ဦးပဥ္စင်းက စာမေးပွဲပြီးလျှင် သင်္ကြန်မတိုင်မီရွာပြန်ကြွခဲ့မည်ဟု ဆိုခဲ့သော်လည်း သင်္ကြန်ပြီး၍ နှစ်သစ်ကူးခဲ့ပြီဖြစ်၏။ ဦးပဥ္စင်းလေးကပြန်ကြွမလာ၊ မိခင်ဖြစ်သည့် အမေညိုခမျာ နေဝင်ပြီဆိုသည်နှင့် ရွာအဝင်ဇရပ်ထဲကနေ သားဖြစ်သူ ဦးပဥ္စင်းလေးကို စောင့်မျှော်၍ ကြိုမြဲကြိုဆဲဖြစ်ပေ၏။

( ၆ )

တစ်ရွာလုံးမျှော်ကြသည်က အမေညိုလိုပင် ဦးပဥ္စင်းလေး ပြန်ကြွလာသည်ကိုဖြစ်၏။ မမျှော်လင့်ဘဲ ရောက်ရှိလာသည်က ဦးပဥ္စင်းလေး၏ အနိစ္စသတင်းပင်ဖြစ်၏။ ထိုသတင်းက တစ်ရွာလုံးယူကျုံးမရဖြစ်ရသည့် သတင်းဆိုးကြီးပင်ဖြစ်၏။ ထိုသတင်းကြားသည့်နေ့က အမေညိုတို့၏အိမ်တွင် တစ်ရွာလုံးစုရုံးစုရုံးနှင့် ရွာရှိလူကြီးလူငယ်မကျန်ရောက်လာကြသည်။ နှမြောတသ ဝမ်းနည်းပူဆွေးငိုကြွေးခဲ့ကြရလေ၏။

စာမျက်နှာ ၂၅ သို့ á

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ကျွန်းလှ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၂၁၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဖူးစားပြောင်း ၁၃၃၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းစိုက်ခင်းတွေ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# ချောက်မြို့နယ် မိုလာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ချောက် ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုလာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏တာဝန်များနှင့် အကျိုးဝင်သော စီမံကိန်းလုပ်ငန်းခွဲများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည် ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးပေးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က ပြောပြ၍ သိရသည်။

**အထွေး**

## အလှလွှမ်း၍ ငြိမ်းချမ်းစေ

- တူယှဉ်ကာ လက်တွဲလို့
  အခက်ခဲတို့ ဖြေရှင်းမယ်၊
  ညီအစ်ကို မောင်နှမ
  စည်းလုံးကြဖွယ်၊
  သွေးကွဲမှု မရှိတယ်
  အသိဝယ် ဖြူစင်လျက်၊
  ရည်ရွယ်ရာ ပန်းတိုင်သို့
  လှမ်းနိုင်ဖို့တွက်။

- ငြိမ်းချမ်းရေး ပန်းတစ်ခက်
  လှမ်းဆွတ်ခဲ့ အတူတူ၊
  အန္တရာယ် ဘေးမခ
  အေးမြမည့်မူ၊
  နှလုံးသားလှ ချစ်ကြည်ဖြူ
  မငြူစူ ရှေ့လက်တွဲ၊
  ပြည်မြန်မာ အလှလွှမ်းဖို့
  ကြိုးပမ်းစို့မြဲ။

မျက်နှာစုံညီ ဆွေးနွေးပွဲ
နွဲကြစို့ တူပျော်ပျော်၊
လက်နက်ကိုင် ပဋိပက္ခ
ဖြေရှင်းရသော်၊
ပြည်သူ့တွက် ရှေ့ရေးမျှော်
သင့်တော်မည့် နည်းလမ်းရွေး၊
ပြည်မြန်မာ အလှလွှမ်း၍
ငြိမ်းချမ်းစေလေး။ ။

**အဝေရာကိုကို**

á စာမျက်နှာ ၂၄ မှအဆက်

"မဖြစ်နိုင်ပါဘူးဟယ်၊ ညည်းတို့တွေ ငါ့အိမ်ထဲလာပြီး နိမိတ်မရှိ နမာမရှိ လာမငိုကြစမ်းပါနဲ့အေ။ ငါ့သားက သူတော်ကောင်း ဘုရားသားတော်ကြီး။ ငါတို့ရွာအတွက် စာပေအောင်ပန်းတွေဆွတ်ခူးပြီး ပြန်လာမှာအေ့။ အခု ဓမ္မာစရိယတစ်ကျမ်းကျန်လို့ ဖြေဆိုနေတာ၊ အောင်လို့ကဖြင့် တို့တစ်နယ်လုံး ဂုဏ်ပြုပူဇော်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပတာ တွေ့ကြမြင်ကြရသေးတာပေါ့"

အမေညိုက ထိုသို့ပြောပြီး လာသမျှလူတွေကို ပြန်၍လွှတ်သည်။ ရပ်ရွာလူကြီးတွေတိုင်ပင်ပြီး ရွာထဲကလူငယ်တချို့နှင့် အမေညို၏ သားအကြီးဆုံးဖြစ်သူ ကိုဖိုးထူးတို့ မန္တလေးမြို့သို့ တက်သွားကြသည်။ ဦးပဍ္ဍင်းလေး၏ "ရပ်အလောင်းကိုမတွေ့မချင်းရွာကိုမပြန် "ဟု ကိုဖိုးထူး စိတ်ထဲတွေးထားလေသည်။ ထိုနေ့က ကိုဖိုးထူးတို့စီးသည့် မန္တလေးမြို့သို့တက်သွားသည့်ကားကို လက်ပြနှုတ်ဆက်ရင်း တစ်ရွာလုံး ကျန်ခဲ့ရလေ၏။

( ၇ )

၂၈-၃-၂၀၂၅ ရက်၌ လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် စစ်ကိုင်းနှင့်မန္တလေးမြို့တို့သည် တိုက်တာအဆောက်အအုံများ ပြိုကျပျက်စီးမှုများခဲ့ပြီး ရဟန်းရှင်လူများလည်း သေဆုံးမှုများခဲ့ကြရသည်။ ထိုနေ့က အမေညို၏သားဖြစ်သူ ဦးပဍ္ဍင်းလေးလည်း ဓမ္မာစရိယစာမေးပွဲကြီး ဖြေဆိုနေချိန်ဖြစ်၏။ ထိုနေ့ကလှုပ်ခတ်ခဲ့သော မြေငလျင်သဘာဝဘေးထဲတွင်ဦးပဍ္ဍင်းလေးတို့ဖြေဆိုကြရသောအဆောက်အအုံကြီးလည်း ပြိုကျပျက်စီးခဲ့လေ၏။ ကံဆိုးစွာပင် ဦးပဍ္ဍင်းလေးလည်း ပါသွားခဲ့ရရှာသည်။ ရပ်ရွာအပေါ်ထွန်းလင်းမည့် သာသနာ့ဂုဏ်ဆောင် ပညာတတ်ရဟန်းလေးခမျာ ခန္ဓာမြေခ သေပွဲဝင်ခဲ့ရလေ၏။ ဦးပဍ္ဍင်းလေး ရုပ်အလောင်းကို ပြန်တွေ့ချိန်၌ ရုပ်ခန္ဓာပျက်စီးနေပြီဖြစ်၏။ ထို့ကြောင့် မြို့မှာပင် ကောင်းမွန်စွာ သင်္ဂြိုဟ်၍အရိုးကိုကောက်ပြီး အိုးနှင့်ထည့်၍ ကိုဖိုးထူးတို့ ရွာသို့သယ်ယူပင့်ဆောင်လာခဲ့ကြသည်။ ထိုအခါမှာတော့ အမေညိုခမျာ မယုံချင်သော်လည်းယုံခဲ့ရလေပြီ။ မကြုံချင်သော်လည်း ကြုံခဲ့ရလေပြီ။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်နှင့် ရင်ထုမနာ သည်းစွာ ငိုကြွေးရချေပြီ။ ရွာဘုရားကြီး၏ မြောက်ဘက်၌ ဘုန်းကြီးရဟန်းတို့၏ အရိုးတို့ကို ရှေးရှေးသောအချိန်ကာလကတည်းက ထည့်လေ့ရှိသော " ရိုးတော်ပုံ "စေတီလေးဆူရှိသည်။ အရိုးအိုးစေတီဟုဆိုလျှင်လည်းမမှား။ ခေတ်အဆက်ဆက် ရွာကျောင်းများ၌ သီတင်းသုံးပျံလွန်တော်မူသော ဘုန်းကြီးတို့၏ အရိုးတို့ကို ထိုစေတီလေးဆူ၏ အုတ်ချပ်တို့ကိုဖွင့်၍ ထည့်လေ့ရှိခဲ့ကြသည်။ ဦးပဍ္ဍင်းလေးအရိုးစုကိုတော့ အမေညို၏ဆန္ဒအရ အရိုးအိုးစေတီအတွင်းသို့ မထည့်သွင်းလို။ ရိုးတော်ပုံစေတီများ၏ ဘေးတွင်၊ အုတ်ဂူလေးတည်၍ ထားရှိစေကြသည်။ ထိုနေ့က ဦးပဍ္ဍင်းလေး၏အရိုးစုကို မြေချဂူသွင်းချိန်၌ ရုတ်တရက်လေတို့လည်း တိုက်လာသည်။ ကောင်းကင်တစ်ခုလုံးလည်း အုံ့ဆိုင်း ညို့မှိုင်းလာ၏။ အိမ်မှ ဦးပဍ္ဍင်းလေး၏ အရိုးအိုးကိုပင့်ဆောင်၍ သုသာန်သို့ထွက်ကြတော့ တစ်ရွာလုံး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြရပြန်၏။

"သွားပေအုံးတော့ ဦးပဍ္ဍင်းရေ သွားပေအုံးတော့"

"အရှင်ဘုရား တပည့်တော်မတို့ကို ထားသွားပြီလားဘုရား"

တစ်ယောက်တစ်မျိုး ရပ်ဆွေမျိုးတို့ သောကမိုးတို့ ပြိုခဲ့ရလေပြီ။ အသံချဲ့စက်မှလည်း ငိုချင်းသူကို လက်တို့ဆိုသလိုပင် ဘုန်းကြီး ဦးခေမာ ပျံလွန်တော်မူစဉ်က ယောင်ကျူးမင်းသမီးကြီး၏ ငိုချင်းကိုမှ ဖွင့်သောအခါ တစ်ရွာလုံး ဆရာတပည့်နှစ်ပါးစလုံးအတွက် ဝမ်းနည်းပူဆွေးမဆုံး ယူကျုံးမရ ငိုကြွေးကြရလေ၏။

ရွာမြောက်ဘက် ရွှေကူဓမ္မသာရဘုရားကြီးရှေ့သို့ရောက်တော့ လေက တဖြူးဖြူးနှင့် ကောင်းကင်ကြီးကလည်း အုံ့ဆိုင်း၍ ညို့မှောင်လာ၏။ တစ်ရွာလုံး၏ ပူဆွေးလောင်မြိုက်မှုကို အုံ့နေသောမိုးနှင့်အတူပင် သွန်းဖြိုးစေခိုင်းလေသလားဟု ထင်မှတ်ရလေ၏။

ဘုန်းကြီးဦးခေမာ ပျံလွန်တော်မူချိန်က တစ်ရွာလုံးအတွက် နေတစ်ဆူကွယ်ခဲ့ရသလို ခံစားကြရ၏။ ထို့ကြောင့် ဦးပဍ္ဍင်းလေးကိုပဲ ဘဘုန်း ကိုယ်ပွားအဖြစ်မှတ်ယူထားကြလေ၏။ တောက်မည့်မီးခဲ တရဲရဲနှင့်ပညာတတ်ရဟန်းလေးမို့ ရပ်ရွာအတွက် "လတစ်စင်းကျန်သေးရဲ့"ဟုတွေး၍ ဖြေသာထားကြသည်။ ဦးပဍ္ဍင်းလေးဘွဲ့တော်ကိုက "အရှင်စန္ဒိမာ" တဲ့။ လမင်းပမာ ထွန်းလင်းတောက်ပခြင်းနှင့် အေးမြခြင်းသဘောကိုဆောင်သော အနက်အဓိပ္ပာယ် မဟုတ်လား။ ယခုတော့ဖြင့် "သာနေဆဲမှာ ကွယ်သောလ"ဖြစ်ခဲ့ရပြီ။

ရက်မှလ၊ လမှနှစ်သို့ပင် တစ်စတစ်စကူးပြောင်းခဲ့ချေပြီ။ အမေညိုမှာတော့ ညနေ နေညိုတိုင်း ရွာမြောက်ဘက်သို့နေ့စဉ်သွားပြီး ဇရပ်ထဲကနေ ရွာအဝင်လမ်းကြီးကိုကြည့်လိုက် ရိုးတော်ပုံစေတီအနားက သားဦးပဍ္ဍင်းလေး၏ အုတ်ဂူလေးကိုသွားကြည့်လိုက်နှင့် သားဖြစ်သူ ဦးပဍ္ဍင်းလေး ပျံလွန်တော်မူသွားသည်ကို မယုံကြည်နိုင်အောင်ပင် ဖြစ်နေရှာ့သလားထင်၏။ ရိုးတော်ပုံစေတီဦးမှ ဆည်းလည်းလေးများက ညနေခင်း၏ လေပြည်နှင့်အတူ ယိမ်းနွဲ့လှုပ်ခတ်လို့နေ၏။ တချွမ်ချွမ်နှင့်ဆည်းလည်းသံလေးများက သာယာကြည်နူးဖွယ်လည်း ကောင်းသကဲ့သို့ လွမ်းဆွတ်ကြေကွဲဖွယ်လည်း ကောင်းနေပြန်သည်။ ဤလောကကမ္ဘာကြီး၌ နေကွယ်ပြီးလျှင် လမင်းသည် ထွက်ပေါ်လာလေ့ရှိ၏။ သို့သော် အမေညို၏ ရင်တွင်းမှာတော့ မသာလည်းတ သာလည်းတနေရသည့်လတစ်စင်းရှိခဲ့သည်ဟု ဆိုရပါတော့မည်။

# နိုင်ငံခြားသားကျွေးတဲ့ အသားညှပ်ပေါင်မုန့်

**ဆူးသစ်**

စင်ကာပူနိုင်ငံမှာ အလုပ်ရနေပြီဖြစ်တဲ့ ကျွန်တော့်အတွက် ပြောစရာတွေရှိလာခဲ့ရပြန်ပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ ရှိစဉ်ကတည်းက လုပ်ခဲ့ရတဲ့အလုပ်ကို ပြန်လုပ်ရတယ်ဆိုပေမဲ့ တော်တော်လေး ကွာသွားခဲ့ပါပြီ။ လုပ်ငန်းအားလုံး ကွန်ရက်ချိတ်ပြီး E-mail နဲ့ စာပို့အလုပ်လုပ်တာကတော့ တော်တော်ထိရောက်ပြီး အချိန်ကုန်သက်သာနေတာပါပဲ။ ထားပါတော့။ အခုကျွန်တော်ပြောချင်တာ အလုပ်ထဲက စင်ကာပူနိုင်ငံသားတရုတ်တစ်ယောက်အကြောင်းပါ။

သူက ကျွန်တော်ထက် အသက်ကြီးတယ်။ လေးဆယ်ကျော်လောက် ရှိမယ်ထင်ပါရဲ့။ သူနဲ့ ကျွန်တော်က အဆင့်တူတွေပါပဲ။ သူက ကျွန်တော်တို့ဌာနကပါ။ ဒါပေမဲ့ သင်တန်းပေးဖို့ တာဝန်ယူထားရတော့ ကျွန်တော်တို့အခန်းမှာ မထိုင်ပါဘူး။ သူ့နေရာ သီးခြားထားပေးထားပါတယ်။

ကျွန်တော်က အလုပ်မဝင်ခင် အပြင်မှာ သင်တန်းတစ်တန်း စတက်ရတယ်။ တက်နေရင်းနဲ့ အလုပ်စဝင်တော့ ရုံးမှာ အားရင်စာဖတ်နေတယ်။ စင်ကာပူမှာက သင်တန်းတက်ရုံနဲ့ ပြီးမသွားဘူး။ သင်တန်းတွေမှာ စာမေးပွဲရှိနေလို့ အောင်မှ သင်တန်းဆင်းလက်မှတ်ထုတ်ပေးတာပါ။ ကျွန်တော်အနေနဲ့ပထမအကြိမ်တက်ရင် အလုပ်က သင်တန်းကြေးသွင်းပေးပြီး ကျလို့ ဒုတိယအကြိမ်ပြန်တက်ရင်တော့ ကိုယ့်ငွေနဲ့ကိုယ် တက်ရမှာပါ။

ဒီတော့ ကျွန်တော်က အားနေရင်စာဖတ်တယ်။ ကျွန်တော့်မန်နေဂျာကလဲ အလုပ်နဲ့ပတ်သက်တာတွေပေးထားပြီး ဖတ်ခိုင်းပါတယ်။ ကျွန်တော်တို့ဌာနမှာ ရုံးချုပ်နဲ့ ပရောဂျက်ရှိရာကျွန်းပေါ်မှာ လုပ်နေတဲ့လူတွေဆိုပြီးရှိတယ်။ ကျွန်တော်က ရုံးချုပ်မှာဆိုပေမဲ့ ရုံးချုပ်က စက်ရုံကြီးပါပဲ။ ကျွန်းပေါ်ပို့မဲ့ပစ္စည်းတွေဆင်ရပါတယ်။ ရုံးချုပ်မှာ သင်တန်းတက်ပြီးရင် ကျွန်တော်လဲ ကျွန်းပေါ်သွားရမှာပါ။

စင်ကာပူနိုင်ငံသား မလေးရှားလူမျိုးတစ်ယောက်ပဲ ကျွန်တော့်ကို အလုပ်တွေပြောပြဖို့ရှိတယ်။ မန်နေဂျာကတော့ သူ့အခန်းမှာပါ။ ဖြစ်ချင်တော့ အဲဒီမလေးရှားကြီးက အလုပ်ကို သေသေချာချာ မလုပ်တဲ့လူဖြစ်နေတာ။ ရောက်ပြီး တစ်ပတ်၊ နှစ်ပတ်နဲ့ သိသွားပါလေရော။ သူကပညာရေးသိပ်မမြင့်တော့ ကွန်ပျူတာပိုင်းလဲ အားကိုးမရပြန်ပါဘူး။

ကျွန်းပေါ်မှာက ပရောဂျက်စနေပြီဆိုတော့ တစ်ယောက်မှ ပြန်ခေါ်လို့မရတော့ဘူး။ အဲဒီလိုအချိန်မှာပဲ စာရင်းစစ်ဝင်လာတော့ လုပ်ငန်းသဘာဝကို ကောင်းကောင်းရှင်းမပြနိုင်တဲ့ မလေးရှားကြီးကို အားကိုးလို့မရတော့ဘူး။ ကျွန်တော်မရောက်ခင်ရှိတဲ့လူတွေနဲ့ မလေးရှားကြီးကို တစ်ယောက်တည်းထားခဲ့တဲ့ ကာလကြားမှာလုပ်ရမဲ့ စာရွက်စာတမ်းအထောက်အထားပြစရာဘာမှပြီးဘူး။ အဲဒီလူကြီးက စိတ်လဲမဝင်စားဘူး။ သူစိတ်မဝင်စားလို့ ကျွန်တော့်ကို ပြောပြနိုင်သလားဆိုတော့လဲ သူက စက်ရုံထဲက အလုပ်ပဲသိပြီး ရုံးချုပ်မှာ တကယ်ချိတ်ဆက်ရတဲ့အပိုင်းတွေ၊ ကျွန်းပေါ်နဲ့ ဆက်သွယ်ရတဲ့အပိုင်းတွေမှာ လုံးဝဥပေက္ခာပြုထားခဲ့တယ်။

အဲဒီအချိန်မှာပဲ စင်ကာပူတရုတ်က ကျွန်တော့်ကို ခလုတ်ဝင်တိုက်ပါလေရော။ စာရင်းစစ်က ဖိုင်တစ်ဖိုင်မေးရင် သူလာရှာတယ်။ ဖိုင်ကိုတွေ့ပေမဲ့ အထဲက စာပျောက်နေရင် မင်းသိလား လုပ်လားနဲ့ ပြောပါတယ်။ မနေ့တစ်နေ့ကမှရောက်လာပြီး ရှင်းပြမဲ့သူ မရှိသေးခင်မှာ ဌာနတစ်ခုလုံးက အကြောင်းသိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါနဲ့ ဆောရီးကွာ ငါမသိပါဘူးလို့ ငြင်းခဲ့ရတယ်။ သူက ဒါကိုနားမလည်ဘဲ ဒီလောက်နဲ့ ရပ်မသွားဘူး။ ဟာ … မင်းဒါတွေလုပ်မထားပါလား။ ဘာဖြစ်လို့လဲ ဘာညာလုပ်လာပါတယ်။

ကျွန်တော်လဲ စိတ်ရှုပ်လာလို့ မလေးရှားကြီးကို ပြောပြတော့ အဲဒီကောင် အဲဒီလိုပဲ ထားလိုက်တဲ့။ အမှန်က သူကလဲ သူမလုပ်တာတွေ ပေါ်မှာစိုးလို့ သိပ်မပြောချင်မှန်း ရိပ်မိတယ်။ ဒီမှာပဲ ဘာသတိထားမိသွားလဲဆိုတော့ နိုင်ငံခြားဆိုတိုင်း၊ နိုင်ငံခြားသားဆိုတိုင်း အထင်ကြီးမနေနဲ့။ အလကားပဲလို့။ သူတို့မှာကောင်းတာတွေ ရှိကောင်းရှိနိုင်ပေမဲ့ လည်သလိုလုပ်စားနေသူတွေလဲတစ်ပုံကြီးပါလား ပေါ့။

ဒီလိုနဲ့ စာရင်းစစ်အတွက် ဖိုင်တွေရှာပေးရတဲ့ စင်ကာပူတရုတ်က ကျွန်တော့်ကို ဘယ်လိုတွက်လာလဲဆိုတော့ အလုပ်လဲလာလုပ်သေး စာပဲဖတ်နေတယ်။ ရုံးလုပ်ငန်းကျတော့ ဘာမှလဲမသိဘူးဆိုတဲ့မျက်နှာပေးနဲ့ ကြည့်ကြည့်လာတယ်။ စိတ်ထဲက မျက်ခနဲ့ဖြစ်ရုံအပြင် ဘာမှတော့ သူ့ကို မပြောမိသေးပါဘူး။ကျွန်တော့်အနေအထားကို ကိုယ့်ဘာသာနားလည်နေတာပဲလေ။

ကျွန်တော့်အထက်မှာ မြန်မာအရာရှိ ရှိတယ်။

> ❖ ညနေမှာတော့ အခန်းထဲမှာ အခြားအလုပ်တွေလုပ်နေတုန်း ဗြုန်းဆို တံခါးလာခေါက်တော့မော့ကြည့်မိတယ်။ ကျေးဇူးရှင် စင်ကာပူတရုတ်က ကျွန်တော့်နာမည်ကိုခေါ်တယ်။ ပြီးတော့ မင်း အသားညှပ်ပေါင်မုန့်စားလားတဲ့။ အခန်းထဲကမလေးရှားကြီးက မင်းစားလားမေးနေတာဆိုမှ သြော်…စားပါတယ်လို့ နားမလည်ဘဲဖြေလိုက်ပါတယ်။ ဒီမှာပဲ သူ့လက်ထဲမှာကိုင်ထားတဲ့အသားညှပ်ပေါင်မုန့်ကို မင်းစားဖို့ပါ ဆိုပြီးပြုံးရင်းပေးသွားတယ်။ ❖

သူ့အထက်မှာ မန်နေဂျာရှိတယ်။ တစ်ခုခုလိုအပ်ပြီဆိုရင် သူတို့ ကျွန်တော့်ကိုပြောတယ်။ ပြီးတော့ သူနဲ့ ကျွန်တော်နဲ့ကြားမှာ ထပ်ပြီး သူ့လျှော့တွက်စရာပေါ်လာတာက ဒီကုမ္ပဏီမှာဝင်သူတိုင်း တက်ရတဲ့သင်တန်းမှာက သူက သင်တန်းဆရာ၊ ကျွန်တော်က သင်တန်းသားအဖြစ် ဆုံရပါလေရော။ လုပ်ငန်းသဘာဝအရ သူ့သင်တန်းမှာ ကျွန်တော်တက်ရတယ်ဆိုပေမဲ့ သူပို့ချတဲ့သင်တန်းဟာ မြန်မာပြည်မှာ ကျွန်တော်ရှိစဉ်က သူ့ထက်မကတဲ့လူတွေကိုပို့ချပေးရတဲ့ သင်တန်းမျိုးပါ။ သူအထင်သေးနေတဲ့ ကျွန်တော့်ဆီမှာ နိုင်ငံခြားသင်တန်းတွေကရထားတဲ့ Silde တွေ၊ Memory Stick ထဲ သိမ်းထားတာပေးချင်လိုက်တာ။ သူလုပ်တဲ့အလုပ်မျိုး ကျွန်တော်လုပ်ခဲ့တာ ခြောက်နှစ်ကျော်ဆိုတာ သူသိအောင်တော့ တစ်နေ့မှာ ပြောမယ်လို့ တေးထားလိုက်တယ်။

သူနဲ့ကျွန်တော်က ရေစက်တော်တော်ပါတယ်။ ရုံးက လူတစ်ယောက် လက်မှာ ဘာနဲ့ထိမိလဲမသိဘူး ရှသွားလို့ ကျွန်တော်တို့အခန်းက ဆေးသေတ္တာမှာ ပလတ်စတာလာရှာပါတယ်။ မရှိတော့ ပြန်သွားပြီး ခဏအကြာမှာ ရုံးကအရာရှိတွေနဲ့ အဲဒီတရုတ်ရောက်လာတယ်။အဲဒီဆေးသေတ္တာမှာ ပလတ်စတာ တစ်ခုပဲမရှိတာပါ။ ကျန်တာအကုန်ရှိတယ်။ အဲဒါကို အဲဒီတရုတ်က ဆေးသေတ္တာထဲမှာ ပစ္စည်းမရှိတာ မသိရကောင်းလားပေါ့။

တွေးကြည့်တော့ ကုလားအသစ်က မသိနိုင်ဘူး။ ကျွန်းပေါ်ကလာတဲ့ ကုလားကလဲ မသိနိုင်ဘူး။ မလေးရှားကြီးကလဲ စိတ်မဝင်စားဘူး။ အခန်းမှာကို မရှိတာ။ ဒီတော့ ကျွန်တော်ပဲ တာဝန်ရှိသလို၊ သူက ကျွန်တော့်ကို မသိမသာ မျက်လုံးနဲ့ကြည့်လိုက်၊ ပွစိပွစိလုပ်လိုက်နဲ့ပေါ့။ သူနဲ့ပါလာတဲ့ အရာရှိမိန်းကလေးကတော့ နားလည်ပါတယ်။ အခြားမှာ ရှာလို့ရမှာပဲဆို ထွက်သွားတယ်။ အဲဒီမိန်းကလေးက ကျွန်တော့်မန်နေဂျာနဲ့ တစ်ခန်းတည်းဆိုတော့ ကျွန်တော့်မန်နေဂျာရဲ့ လမ်းညွှန်မှုအောက်မှာ ကျွန်တော်ရှိတာ ရောက်တာ မကြာသေးတာကအစ သိနေတယ်။ ဟိုတရုတ်ကပဲဖြစ်နေတာ။

ဝင်ဆိုတာကလဲ ဘဝမကူးတာကွာ။ တစ်လှည့်တော့ ပြန်ကြုံပါလေရော။ ကျွန်တော်တို့ဆီမှာ ကြာသပတေးနေ့ ညနေတိုင်းအစည်းအဝေးရှိတယ်။ Project Manager တက်မယ်။ ကျွန်တော်တို့က လိုတာတွေတင်ပြရင် သူက ရှင်းပြတယ်။ ဖြစ်ချင်တော့ တစ်ခါမှာ အစည်းအဝေးမလုပ်ခင် သင်တန်းပေးထားတဲ့ လူဦးရေစာရင်း လိုပါလေရော။ ဒါနဲ့ E-mail တွေဖွင့်ဖတ်တော့ ကျန်တဲ့သင်တန်းတွေက လျာထားစာရင်း၊ တက်ရောက်ပြီးစာရင်း အကုန်ရတယ်။ ရုံးချုပ်ပဲမရတာ။ ဒါနဲ့ ဘယ်သူ့ဆီကရမလဲ စုံစမ်းလိုက်တော့ အကုန်လုံးက သူ့ကိုညွှန်ကြတယ်။

ဒီတော့ သူ့ကိုမေးကြည့်တော့ ငါရောက်တာ မကြာသေးဘူး။ အရင်ဟာတွေတော့မရှိဘူး။ ငါစကိုင်တဲ့လကဟာပဲရှိတယ်တဲ့။ ကျွန်တော်ပြုံးပြီး ကြည့်မိတယ်။ ကျွန်တော် သူ့နေရာမှာရောက်နေတုန်းက ဘယ်လိုနေမလဲဆိုတာ သူခံစားရလောက်ပြီလို့လဲထင်တယ်။ OK ရတာပဲ ပေးပါလို့ပြောပြီး ပြန်ခဲ့တယ်။ သူ ကျွန်တော့်အခန်းထိလိုက်လာပြီး ရှင်းပြရှာပါတယ်။ တကယ်တော့ သူ့အမှားမှ မဟုတ်တာ။ ကျွန်တော် ကိုယ်တိုင်လဲ သိနေတာပဲ။ သူ့ကို ကျွန်တော်နားလည်ပေးလိုက်ပါတယ်။ ရပါတယ်။ မင်းရသလောက်ထားခဲ့ပါ။ ငါ Meeting မှာ ရှင်းပြမှာပါလို့။ သူအရင်လို ပွစိပွစိမလုပ်နိုင်ဘဲ ပြန်သွားပါတယ်။

သူက ကျွန်တော့်ကို ဘာမှမသိနားမလည်ဘူးလို့ ထင်ထားတာ။ တစ်ချက်က သေချာအောင်ပေါ်လာပါတယ်။ ဖိုင်တွဲတစ်တွဲမှာစာတွေလိုနေတယ်။ ကျွန်တော်တို့အရာရှိ ကျွန်းပေါ်က မြန်မာဆီကို သူလှမ်းပြီး တောင်းရမှာပါ။ ဒါပေမဲ့ သူ မတောင်းချင်ဘူးထင်ပါရဲ့။ ကျွန်တော်တို့ မြန်မာအရာရှိကလဲ မဟုတ်မခံဆိုတာ သိထားတာရယ်၊ သူ့ဘာသာရပ်ကို နိုင်နင်းတာရယ်၊ သူ့အလုပ်နဲ့ပတ်သက်ရင် အထိမခံလို့ နိုင်ငံခြားသားကို ပြန်တုံ့ပြန်ခဲ့ဖူးတာရယ် သိထားတော့ သူရှိန်တယ်ထင်ပါရဲ့။ ဖုန်းနဲ့ဆက်ပြီး ဒီဖိုင်ထဲကကိစ္စ မေးပေးပါတဲ့။

မြန်မာအရာရှိဆီကို မြန်မာအင်ဂျင်နီယာ တစ်ယောက်ဆက်တာ ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်တို့ဌာနက စာဖြစ်နေတော့ ဆက်ပေးပါတယ်။ သူ့ဘာသာဆက်လဲ ရတာသိနေတာပဲ။ စာရင်းစစ်ကလဲ သူ့ကိုမေးနေလို့ သူ့ခမျာ တော်တော်အကျပ်ရိုက်နေပုံပါပဲ။ အဲဒီမှာရှာရမဲ့စာရင်းတွေများလို့ E-mail ပို့ပေးပါဆိုလို့ ပို့ဖို့စာရိုက်နေပါပြီ။

သူက နောက်တစ်ခေါက်ရောက်လာပါတယ်။ ဖိုင်တွေထပ်ရှာတယ်။ ကျွန်တော့်ကို လှမ်းကြည့်တယ်။ ငါဖုန်းဆက်ပြီးပြီ။ ငါ့ကို E-mail ပို့ခိုင်းလို့ ခုပို့တော့မယ်ဆိုတော့ သူအံ့သြသွားတယ်။ ကျွန်တော်လဲ ရယ်ချင်သွားတယ်။ သြော်… သူက ငါ့ကို E-mail မသိ၊ အင်္ဂလိပ်စာမရိုက်တတ်၊ ဘာမှနားမလည်ဘဲ အလုပ်ထဲဝင်လာတဲ့သူလို့ ထင်နေတာကိုးလို့ တွေးမိသွားတယ်။သူက ကျွန်တော်ရိုက်ထားတဲ့စာကို လာကြည့်တယ်။ ပြီးတော့ဖတ်တယ်။ ပြီးတော့ အံ့သြသွားတယ်။ ဒါဆို ငါပို့လိုက်ရမလားတဲ့။

သူလုပ်ရမဲ့အလုပ်ကို ကျွန်တော်က ဝင်လုပ်ပေးရင်း E-mail ကို စာကောင်းကောင်းရိုက်ပြီး ပို့မယ်ဆိုတော့ ရှိန်သွားတာရယ်၊ အံ့သြသွားတာရယ် ပါမယ်ထင်ပါရဲ့။ ပြီးတော့ ဒီမှာက တစ်ယောက်စီ E-mail ပို့ရင် ပို့တဲ့သူသာမက ကျန်သက်ဆိုင်သူတွေပါဖတ်လို့ရအောင် ချိတ်ဆက်ပေးထားတော့ ကျွန်တော်က ကျွန်တော့်အရာရှိဆီပို့ပေမဲ့ သက်ဆိုင်ရာဌာနတွေကပါ ဖတ်ကြရမှာလေ။ ဒီတော့ သူလုပ်ရမဲ့အလုပ်ကို ကျွန်တော်ကြားဖြတ်လုပ်ပေးတာ တစ်ရုံးလုံးက သိမှာလဲပါမယ်ထင်ပါရဲ့။

သူက မင်းစာကိုဖျက်လိုက်ပါ။ ငါ့ဘာသာပို့လိုက်မယ်တဲ့။ ကျွန်တော် စာပြီးနေပြီ ဘာကြောင့်လဲလို့ မေးလိုက်တယ်။ လက်ကာပြပြီး ထွက်သွားတယ်။ သူပို့ဖို့ကြိုးစားမယ်ထင်ပြီး ခဏစောင့်ကြည့်နေသေးတယ်။ ခဏနေတော့ ဖိုင်တွဲတွေကိုင်ပြီး ထပ်ရောက်လာတယ်။ သူ စာမရိုက်နိုင်တော့ဘူး။ ပြီးတော့ ကျွန်တော်ရိုက်တဲ့စာကိုလဲ အထင်သေးပြီး သူပြောတာတွေမပါမှာစိုးလို့ တစ်ခေါက်ထပ်ဖတ်သေးတယ်။ ဖတ်တာမှ ရိုးရိုးဖတ်တာမဟုတ်ပါဘူး။ သူပြောတဲ့ ဖိုင်ဖွင့်ပြီး အချက်တွေနဲ့ တိုက်ပြီးဖတ်တာ။ ကျွန်တော် သူ့ကို ပြုံးပြီးကြည့်နေမိတယ်။

တစ်ခါတစ်ခါတော့လဲ ဒေါသနဲ့ တုံ့ပြန်ရတာထက် သည်းခံစိတ်နဲ့ခွင့်လွှတ်ရတာ ပိုကောင်းပါလားလို့တွေးမိတယ်။ စာဖတ်ပြီးတော့ ဘာမှမပြောဘဲ ထွက်သွားတယ်။ ပြန်မလာတော့ဘူး။ ဒါနဲ့ ကျွန်တော့်အရာရှိဆီ E-mail ပို့လိုက်ပါတယ်။ တကယ်တော့ သူပို့မယ်ဆိုရင်တောင် ကျွန်တော်က စာကိုမဖျက်ဘဲ ကျွန်တော့်အနေနဲ့ပို့မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဌာနမှာ ရှိသင့်တဲ့အချက်တွေချည်းဖြစ်နေလို့ ကျွန်တော့်အရာရှိနဲ့တိုင်ပင်ပြီး ပြန်ဖြည့်မလို့ပါ။

စာပို့ပြီးပြီးချင်းမှာပဲ ချက်ချင်းဆိုသလို တစ်ဖက်မှာ တောက်လျှောက်လှုပ်ရှားနေတာတွေ E-mail ထဲမှာ အကုန်ပေါ်လာပြီ။ ဘယ်ဌာနက ဘယ်သူက၊ ဘယ်စာရင်းပို့ဖို့ရုံးချုပ်မှာဘာတွေရှိနေတယ်စသဖြင့် လုပ်နေကြတာမြင်တော့ ကိုယ့်လုပ်ရပ်တစ်ခုကြောင့် လုပ်ငန်းပိုင်း တော်တော်မြန်သွားပါလား တွေးရင်း ကျေနပ်မိသေးတယ်။

ညနေမှာတော့ အခန်းထဲမှာ အခြားအလုပ်တွေ လုပ်နေတုန်း ဗြုန်းဆို တံခါးလာခေါက်တော့ မော့ကြည့်မိတယ်။ ကျေးဇူးရှင် စင်ကာပူတရုတ်က ကျွန်တော့်နာမည်ကိုခေါ်တယ်။ ပြီးတော့ မင်းအသားညှပ်ပေါင်မုန့်စားလားတဲ့။ အခန်းထဲက မလေးရှားကြီးက မင်းစားလားမေးနေတာဆိုမှ သြော်…စားပါတယ်လို့ နားမလည်ဘဲဖြေလိုက်ပါတယ်။

ဒီမှာပဲ သူ့လက်ထဲမှာကိုင်ထားတဲ့ အသားညှပ်ပေါင်မုန့်ကို မင်းစားဖို့ပါဆိုပြီး ပြုံးရင်းပေးသွားတယ်။ ယူသာထားလိုက်ရတယ်။ နားမလည်ဘူး။ ဒါနဲ့ မလေးရှားကြီးကို ဘယ်လိုလဲ ငါ့ကို အမြင်မကြည်တဲ့လူက ငါ့ကိုမုန့်ကျွေးနေပြီ။ မင်းဘယ်လိုထင်လဲဆိုတော့ သူက စားလိုက်ကွာတဲ့။ဒါနဲ့ပဲ ကျေးဇူးတင်တဲ့အနေနဲ့ လာကျွေးသွားတဲ့သဘောကိုဆက်စပ်တွေးမိတယ်။

ပုံမှန်အားဖြင့် မခေါ်မပြောချင်လို့ ကျွန်တော်ကိုယ်တိုင် လမ်းတွေ့တိုင်း မမြင်ချင်ယောင်ဆောင်မယ်စိတ်ကူးပေမဲ့ ပြုံးပြပြီး ကျွန်တော်ကပဲ နှုတ်ဆက်ခဲ့တဲ့လူတစ်ယောက် ကိုယ့်အပြစ်တွေပဲမြင်ပြီး သူ့အပြစ်ကို နားလည်ပေးခဲ့ပြီး၊ နောက် သူ့အလုပ်ကို ကိုယ့်အလုပ်လိုပဲသဘောထားပြီး လုပ်ပေးခဲ့တဲ့နောက် အဲဒီလိုလုပ်ပေးခဲ့တဲ့ရလဒ်က အားလုံးအဆင်ပြေသွားပါလား။

ဘာပဲဖြစ်ဖြစ် နိုင်ငံခြားသားတစ်ယောက်ကျွေးတဲ့ အသားညှပ်ပေါင်မုန့်ဟာ ကျွန်တော့်ဘဝအတွက် အမှတ်တရပါပဲ။

**(ဆူးသစ်၏ ၂၀၁၁ ခုနှစ်ထုတ် အဝေးရောက်ထွန်းတောက်မြန်မာနှင့် ညီလေးဖတ်ဖို့ရေးတဲ့စာအုပ်မှ ဖော်ပြပါသည်။)**

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ တန်းဆင်းဇုန်ကလွတ်ဖို့ကြိုးပမ်းနေတဲ့ ဝက်စ်ဟမ်းအသင်း၊ အလာဗက်အသင်းနဲ့ ဥရောပဝင်ခွင့်အတွက် ရမှတ်လိုနေတဲ့ လိုင်ယွန်အသင်းတို့ကိုရွေးရမှာပါ

M L




ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ပြီးဆုံးဖို့နီးကပ်လာချိန်မှာတော့ တန်းဆင်းဇုန်က လွတ်ဖို့ကြိုးပမ်းနေတဲ့အသင်းတွေနဲ့ ဥရောပဝင်ခွင့်အတွက် ရမှတ်လိုအပ်နေတဲ့အသင်းတွေကတော့ ပွဲစဉ်တိုင်းကို အာရုံစိုက်ကစားလာတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်က ပရိသတ်စိတ်ဝင်စားမှုများတဲ့ နယူးကာဆယ်အသင်း၊ စပါးအသင်း ၊ ချဲလ်ဆီးအသင်းတို့ ရလဒ်ဆိုးရွားခဲ့သလို စီးရီးအေမှာ နာပိုလီ၊ ဘွန်ဒက်လီဂါမှာ လေဗာကူဆင် ၊ ဒေါ့မွန် ၊ လီဂူးဝမ်းမှာ မာဆေးအသင်းတို့ဟာ အသင်းငယ်တွေကို မထင်မှတ်ဘဲ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုတစ်ပတ်ပွဲစဉ်တွေမှာလဲ အသင်းကြီးတွေကို ချဉ်းကပ်ရာမှာ သတိထားရမှာဖြစ်သလို အသင်းငယ်တွေရဲ့ အသင်းလိုက်ကစားအားနဲ့ ရမှတ်လိုအပ်ချက်တွေကိုကြည့်ပြီး ရွေးချယ်ရမှာဖြစ်ပါတယ်။ လာမဲ့ စနေနေ့ညကစား မဲ့ပွဲတွေမှာတော့ အိမ်ကွင်းအားသာချက်ရှိပြီး ရမှတ်လိုအပ်ချက်များနေတဲ့ ဝက်စ်ဟမ်း၊ အလာဗက်နဲ့ လိုင်ယွန်အသင်းတို့ကို ရွေးရမှာဖြစ်ပါတယ်။

## ဝက်စ်ဟမ်းအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ် (၃၄)မှာ အကြိုက်တွေ့တာကတော့ ဝက်စ်ဟမ်းအသင်းနဲ့ အဲဗာတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဆန်းတို့စ် တာဝန်ယူနေတဲ့ ဝက်စ်ဟမ်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာလဲ ပြိုင်ဘက်ကိုအကောင်းဆုံး ထိန်းချုပ်ကစားခဲ့ပြီး ရမှတ်ခွဲယူနိုင်ခဲ့တာကြောင့် တန်းဆင်းဇုန်ကလွတ်ဖို့ အခွင့်အရေးရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းဟာ ပွဲစဉ် (၃၃) အပြီးမှာ ရမှတ် ၃၃ မှတ်သာရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၁၇) မှာ ရောက်နေပြီး တန်းဆင်းဇုန်က စပါးအသင်းနဲ့ ရမှတ်နှစ်မှတ်သာ ကွာဟ နေတာဖြစ်လို့ လာမဲ့ပွဲစဉ်တွေမှာ ရှုံးပွဲကြုံတာနဲ့ တန်းဆင်းဇုန်ထဲရောက်မှာသေချာပါတယ်။ ဝက်စ်ဟမ်းအနေနဲ့ တန်းမဆင်းရဖို့ အဓိက ပြိုင်ဘက် စပါးအသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပြီး ဝက်စ်ဟမ်းအနေနဲ့ အခုအိမ်ကွင်းပွဲမှာ ရှုံးလို့မရတာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ အေဗီလာအသင်းကိုသာ အဝေးကွင်းမှာရှုံးထားပြီး မန်စီးတီး၊ လိဒ်ယူနိုက်တက်၊ ဝုဖ်၊ ပဲလေ့စ်အသင်းတို့ကို ရမှတ်ရှာဖွေနိုင်ခဲ့တာကြောင့် လာမဲ့ အိမ်ကွင်း မှာလဲ အဝေးကွင်းခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ အဲဗာတန်ကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ နည်းပြမိုယက်စ်လက်ထက်မှာ ခြေစွမ်းပိုင်း တိုးတက်လာတာကြောင့် ပွဲစဉ် (၃၃) ပွဲကစားအပြီးမှာ ရမှတ် ၄၇ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၁၀) မှာရပ်တည်နေတာဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အိမ်ကွင်းနှစ်ပွဲသာနိုင်ပွဲရခဲ့ပြီး ကျန်ပွဲတွေမှာရမှတ်ဆုံးရှုံးခဲ့သလိုပြီးခဲ့တဲ့ လီဗာပူးအသင်းနဲ့ပွဲမှာလဲ ခံစစ်က ဘာရိန်းဝိတ်၊ တိုက်စစ်က ဘီတိုတို့ ဒဏ်ရာရခဲ့တာကြောင့် အခုပွဲမှာ ဒီကစားသမားတွေမပါနိုင်ရင် အဲဗာတန်အသင်းကစားအား ကျဆင်းသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်း ငါးပွဲမှာလဲ ပွဲတိုင်းပေးဂိုးရှိခဲ့ပြီး ခံစစ် ပိုင်းအားနည်းခဲ့သလို လာမဲ့ပွဲမှာလဲ ခံစစ်ပိုင်းက အဓိကကစားသမား ဘာရိန်းဝိတ်ပါဝင်နိုင်မှာ မဟုတ်လို့ ရမှတ်လိုအပ်နေတဲ့ ဝက်စ်ဟမ်းတိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဝက်စ်ဟမ်းအသင်းကလဲ အဲဗာတန်အသင်းကို ညှော်ခံကစားရတဲ့ နောက်ဆုံးငါးပွဲဆက် တစ်ပွဲသာ ရှုံးခဲ့တာကြောင့် အခုပွဲမှာ အဘက်ဘက် ကသာနေတဲ့ ဝက်စ်ဟမ်းအသင်းပဲရလဒ်ကောင်းမှာပါ။

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၁ | မန်စီးတီး |
| အေဗီလာ | ၂ | - | ဝ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၂ | - | ၂ | လိဒ်ယူနိုက်တက် |
| ဝက်စ်ဟမ်း | ၄ | - | ဝ | ဝုဖ် |
| ပဲလေ့စ် | ဝ | - | ဝ | ဝက်စ်ဟမ်း |

**အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၂ | - | ဝ | ဘန်လေ |
| အာဆင်နယ် | ၂ | - | ဝ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ဝ | ချဲလ်ဆီး |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၂ | လီဗာပူး |

## အလာဗက်အသင်းကို ရွေးရမှာပါ

လာလီဂါပွဲစဉ် (၃၃) မှာအကြိုက်တွေ့မိတာကတော့ အလာဗက်အသင်းနဲ့ မာယော့ကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အလာဗက်အသင်းကလဲ အမှတ်ပေးပြိုင်ပွဲ ၃၂ ပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ ကိုးပွဲသရေ ၁၅ ပွဲရှုံး ရလဒ်ကြောင့် ရမှတ် ၃၃ မှတ်နဲ့ အဆင့် (၁၇) မှာရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အဆင့် (၁၈) တန်းဆင်းဇုန်ထဲက အယ်ချီအသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟနေတာကြောင့် အခုပွဲစဉ်ကလဲ သူတို့အသင်းအတွက် အရေးကြီးနေတာကို သတိပြုရမှာပါ။ အလာဗက်အနေနဲ့ အခုပွဲစဉ်ကို အနိုင်ရခဲ့ရင် အဆင့် (၁၅) လောက်ထိ ရောက်ရှိမှာဖြစ်ပြီး တန်းဆင်းဇုန်ကလွတ်ဖို့ သေချာမှာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ ပွဲကျပ်ကစားရပေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းကိုသာ ရှုံးခဲ့တာကြောင့် အလာဗက်ရဲ့ ရုန်းအားကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ရီးရဲလ်မက်ဒရစ်နဲ့ ပွဲစဉ်မှာဆိုရင် အပြန်အလှန်တိုက်စစ်ဆင်မှုတွေပြုလုပ်နိုင်ခဲ့ပြီး ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုငါးကြိမ်ထိပြုလုပ်နိုင်တဲ့ ခြေစွမ်းပိုင်းက အားရစရာဖြစ်ပါတယ်။ လက်ရှိမှာလဲ ကစားသမားအားလုံး ဒဏ်ရာကင်းစင်နေသလို မာယော့ကာနဲ့ တွေ့ဆုံခဲ့တဲ့ အိမ်ကွင်းခုနစ်ပွဲမှာလဲ ငါးပွဲထိ အနိုင်ကစားနိုင်ခဲ့တာကြောင့် အခုပွဲမှာ မာယော့ကာကို ထိန်းချုပ်နိုင်ဖို့များပါတယ်။

မာယော့ကာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ အယ်ချီကိုသာ ရှုံးခဲ့တယ်ဆိုပေမဲ့ ခြေရည်တူအသင်းတွေနဲ့သာ ကစားခဲ့ရတာကို တွေ့ရမှာပါ။ မာယော့ကာအသင်းကလဲ ၃၂ ပွဲအပြီးမှာ ရမှတ် ၃၅ မှတ်နဲ့ အဆင့် (၁၄) ရောက်နေပြီး အခုရာသီ အဝေးကွင်းပွဲတွေမှာ သုံးပွဲသာ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်း နည်းပြကတော့ ၄-၁-၂-၁-၂ ကစားကွက်နဲ့ ပွဲထွက်နေပြီး ဒီကစားကွက်မှာ တောင်ပံတိုက်စစ်ပိုင်း အားနည်းနေတာဖြစ်လို့ တောင်ပံကစားအားကောင်းတဲ့ အလာဗက်အသင်းကို ထိန်းချုပ်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့ပြင် တိုက်စစ်မှူး မူရီကွီကလဲ အဝေးကွင်းမှာဆို ပုံမှန်ဂိုးရဖို့ ခက်ခဲနေတာကြောင့် အခုပွဲမှာ ရမှတ်လိုအပ်တဲ့ အလာဗက် အသင်းကို ပွဲချိန်ပြည့် တားဆီးနိုင်မှာမဟုတ်သလို မူရီကွီသာ ဂိုးမရခဲ့ရင် ဂိုးပြတ်ရှုံးနိမ့်သွားမှာ သေချာပါတယ်။ မာယော့ကာအသင်း ရှုံးနိမ့်ဖို့များနေတာကြောင့် အိမ်ရှင်အလာဗက်အသင်းကိုပဲ ရွေးရမှာပါ။

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၁ | - | ၁ | ဗီလာရီးရဲလ် |
| ဆဲလ်တာဗီဂို | ၃ | - | ၄ | အလာဗက် |
| အလာဗက် | ၂ | - | ၂ | အိုဆာဆူနာ |
| ဆိုစီဒက် | ၃ | - | ၃ | အလာဗက် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | အလာဗက် |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၂ | - | ၁ | အက်စ်ပန်ညို |
| အယ်ချီ | ၂ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| မာယော့ကာ | ၃ | - | ဝ | ဗယ်လ်ကာနို |
| မာယော့ကာ | ၁ | - | ၁ | ဗလင်စီယာ |

## လိုင်ယွန်အသင်းနဲ့ပဲလက်တွဲရမှာပါ

ပြင်သစ်လီဂူး ပွဲစဉ် (၃၁) မှာအကြိုက်တွေ့တာကတော့ လိုင်ယွန်အသင်းနဲ့ အော့ဇေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုင်ယွန်အသင်းဟာ လီဂူးဝမ်းရဲ့ အသင်းကြီးတစ်သင်းဖြစ်ပေမဲ့ ရာသီအစပိုင်းမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့တာကြောင့် လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ လိုင်ယွန်အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ ဆိုရင် အော့ဇေးအသင်းလို အသင်းငယ်နဲ့တွေ့ချိန်မှာ ရမှတ်ရှာဖွေရမှာဖြစ်ပါတယ်။ လိုင်ယွန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲမှာ သုံးပွဲသာ အနိုင်ရခဲ့ပေမဲ့ ပြီးခဲ့တဲ့ ပီအက်စ်ဂျီအသင်းနဲ့ပွဲစဉ်မှာ ကစားခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ အားရစရာဖြစ်ပါတယ်။ အဘက်ဘက်က သာလွန်နေတဲ့ ပီအက်စ်ဂျီအသင်းကို တန်ပြန်တိုက်စစ်နဲ့ပွဲစကတည်းက ဦးဆောင်နိုင်ခဲ့ပြီး ပြိုင်ဘက်ကို ပွဲချိန်ပြည့် ထိန်းချုပ်သွားတဲ့ နည်းဗျူဟာ အခင်းအကျင်းက အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ အခုပွဲမှာလဲ ပြိုင်ဘက်တွေ ပွဲကျပ်ကစားရချိန်မှာ အော့ဇေးလို အသင်းငယ်နဲ့ တွေ့ဆုံနေတဲ့အချက်က ရမှတ်အပြည့်ရဖို့ အခွင့်အရေးဖြစ်တာကြောင့် တိုက်စစ်ကစားပုံမြှင့်တင်ပြီး အော့ဇေးကိုဖိအားပေးလာမှာဖြစ်ပါတယ်။

အော့ဇေးအသင်းဟာ ပွဲစဉ် (၃၀) ကစားအပြီးမှာ ရမှတ် ၂၅ မှတ်သာ ရခဲ့တာကြောင့် တန်းဆင်းဇုန်ဖြစ်တဲ့ အဆင့် (၁၆) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အသင်းကြီးတွေနဲ့တွေ့ရင် အစွမ်းကုန်ကြိုးပမ်းလေ့ရှိပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ အားရစရာမရှိဘဲ အမှတ်ပေးပွဲမှာ အဝေးကွင်းတစ်ပွဲသာ နိုင်ပွဲရခဲ့တာကိုသတိပြုရမှာပါ။ ဒါ့ပြင် အော့ဇေးအသင်းရဲ့ တိုက်စစ်ပိုင်းကလဲ ပွဲစဉ် (၃၀) မှာ ၂၅ ဂိုးသာ သွင်းယူနိုင်ခဲ့တာဖြစ်ပြီး အခုပြိုင်ပွဲမှာ တိုက်စစ်ပိုင်း ဂိုးအနည်းဆုံးအသင်းတွေမှာ ပါဝင်နေတာဖြစ်ပါတယ်။ သူတို့အသင်း နည်းပြကတော့ အဝေးကွင်းပွဲတွေမှာ ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်နေပြီး ပြိုင်ဘက်ကို ဦးဆောင်ဂိုးတွေ ရယူနိုင်ပေမဲ့ ဒုတိယပိုင်းရောက်ရင် ကစားအားသိသိသာသာကျဆင်းသွားတာဖြစ်လို့ အခုပွဲမှာ လိုင်ယွန်လို တိုက်စစ်ကောင်းတဲ့အသင်းကို ဒုတိယပိုင်းမှာ မထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများသွားမှာပါ။ သူတို့နှစ်သင်း ကစားသမားစုဖွဲ့မှုနဲ့ တွေ့ဆုံမှုမှာလဲ လိုင်ယွန်အသင်းကအသာရနေသလို၊ နည်းပြနှစ်ယောက်ရဲ့ အတွေ့အကြုံပိုင်းမှာလဲ လိုင်ယွန်နည်းပြ ဖွန်စီကာက သာနေတာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာလွန်နေတဲ့ လိုင်ယွန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**လိုင်ယွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ဝ | - | ၂ | ဆဲလ်တာဗီဂို |
| လိုင်ယွန် | ၁ | - | ၂ | မိုနာကို |
| အန်ဂါ | ဝ | - | ဝ | လိုင်ယွန် |
| လိုင်ယွန် | ၂ | - | ဝ | လိုရီးယန့် |
| ပီအက်စ်ဂျီ | ၁ | - | ၂ | လိုင်ယွန် |

**အော့ဇေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | ၁ | - | ဝ | အော့ဇေး |
| အော့ဇေး | ၃ | - | ဝ | ဘရက် |
| လီဟာဗေး | ၁ | - | ၁ | အော့ဇေး |
| အော့ဇေး | ဝ | - | ဝ | နန့်တက် |
| မိုနာကို | ၂ | - | ၂ | အော့ဇေး |

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ချောင်းဦး ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၆၄၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၇၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၂၈၆၄၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်" ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ဘုရားကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်း အခမ်းအနားကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစု စားဝတ်နေရေး အခက်အခဲများ လျော့နည်းစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၅၅၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဘုရားကြီးကုန်းကျေးရွာ၌စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၁ ဦးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၅၅၃ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဦးစီးအရာရှိ ဦးအေးလွင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

**စာပေမြင့်မှ လူမျိုးတင့်မည်**












ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ကွင်းအမှတ်(၆၀၂)၊ ဈေးချိုကွင်း၊ ဦးပိုင်အမှတ်-၂၂(မြောက်ဘက်ခြမ်း)၊ အရှေ့ဘက်ခြမ်း(တောင်မြောက်) (၂၉) ပေ (၇)လက်မ၊ အနောက်ဘက်ခြမ်း(တောင်မြောက်) (၂၄) ပေ၊ တောင်ဘက်ခြမ်း(အရှေ့အနောက်) (၁၁၇)ပေ၊ မြောက်ဘက်ခြမ်း (အရှေ့အနောက်) (၁၁၉)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (ဦးခင်မောင် + ဒေါ်ခင်ခင်)(ကွယ်လွန်)တို့ထံမှ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိသော သားသမီးများဖြစ်ကြသည့် ဒေါ်ခင်မာကြည်၊ ဒေါ်ခင်ယုဆွေ၊ ဒေါက်တာမောင်မောင်စိုး၊ ဦးမောင်မောင်ဝင်း၊ ဦးမောင်မောင်ဇော်၊ ဒေါ်ခင်ဇာမော်၊ ဒေါ်ခင်နှင်းဝေ တို့ထံမှ ဦးဟိန်းထက်အောင် (ဘ) ဦးသူရမောင် (၉/အမရ(နိုင်)၁၄၉၁၈၄ + ဒေါ်မေသက်ခိုင် (ဘ) ဦးပန်းအောင်၊ ၁၃/နခန(နိုင်)၀၇၇၃၅၉ တို့မှ ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဟိန်းထက်အောင်(၉/အမရ(နိုင်)၁၄၉၁၈၄)
ဒေါ်မေသက်ခိုင်(၁၃/နခန(နိုင်)၀၇၇၃၅၉
09-676869702

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၇ လမ်း၊ ၇၃ x ၇၄ လမ်းကြား၊ အမှတ်(၁၆)နေ ETERNAL STANDARD Company က ကနဦးမှတ်ပုံတင်မည့် မော်တော်ယာဉ်အမျိုးအစား Toyota LITEACE(2006) Model ၏ ဘောင်အမှတ် KM75-1005754(ID နံပါတ် - 129998)၏ သွင်းကုန်လိုင်စင်သည် (၂၈-၃-၂၀၂၅)ရက်တွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် အိမ်ပြိုပျက်စီးခဲ့ပြီး ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၃)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုးမိုးလှိုင်(၅/ခဥတ(နိုင်)၀၀၀၆၅၉)
၃၇ လမ်း၊ ၇၃ x ၇၄ လမ်းကြား၊
အမှတ်(၁၆)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၆)၊ ရပ်ကွက်(၁၂)နေ မရန်ယူရီး (ဘ) ဦးလုံဖန်း (၁၃/လရန(နိုင်)၂၇၈၁၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-422919)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-783374171

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၄၇ လမ်း၊ ၁၁၇-၁၁၈ လမ်းကြား၊ နန္ဒာအိမ်ယာနေ မတွမ်ချင် (ဘ) ဦးလူတေမြင်(၁၃/လရန(နိုင်)၁၁၇၅၉၀) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-788888265

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ မ/၉/၂၉၆ ရပ်ကွက်နေ အောင်နေလင်း (ဘ) ဦးပိန်(၈/ဆဖန(နိုင်)၀၅၄၁၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-43123428

## ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ ဒေါ်ဝမ်ရှင်ဆူး (ဘ) ဦးဝမ်ကျားဖေ(၁၃/ကခန(နိုင်)၀၃၀၇၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-975922846

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့ ဦးတင်ဝင်း (ဘ) ဦးထမ်းဆိုင်(၉/မမန(နိုင်)၀၁၆၃၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-402639535

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး

## ကျိုင်းတုံတပ်နယ်၊ မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို သီးခြားစီတွေ့ဆုံအမှာစကားပြောကြား






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် မိုင်းခတ်နှင့်မိုင်းယန်း တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ ကို မိုင်းခတ်တပ်နယ်ခန်းမ၌လည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကားပြောကြား သည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ

## ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိစစ်သည်မိသားစုများကို သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် ဧပြီ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိစစ်သည်မိသားစုများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉